# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၃၅)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ ၂၇-၇-၂၀၂၄၊ စနေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် e-Government ဦးဆောင်ကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုကျယ်ပြန့်ပြီး လုံခြုံစိတ်ချရသော ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများပေးနိုင်သည့် အချက်ပေါ်တွင် မှီတည်နေ မိမိတို့ မျှော်မှန်းသည့် ဒစ်ဂျစ်တယ်အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များလျော့ပါးလာစေရေးနှင့် ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၆

e-Government ဦးဆောင်ကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ e-Government ဦးဆောင်ကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ သို့ ☆

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် ဇူလိုင် ၂၆**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ် အော်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ် နိုင်ငံ ကမ်းခြေနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်နှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ




## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ **ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ **ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ **ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၄ ခုနှစ် ၊ ဇူလိုင် ၂၇ ရက်၊ စနေနေ့။

မန္တလေး

## အပူပိုင်းဒေသ စိမ်းလန်းစိုပြည်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်လမ်းညွှန်ချက်ဖြစ်သော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်းနှင့် ကျောက်ပန်းတောင်း-ချောက်-မကွေးလမ်းတို့၏ လမ်းမကြီး ဝဲ၊ယာတွင် ကြီးမြန်သစ်ပင်များစိုက်ပျိုးရေးနှင့် အပူပိုင်းဇုန်ခရိုင် ၁၃ ခုတွင် အနည်းဆုံး တစ်ရွာ နှစ်ဧက စိုက်ခင်းများ တည်ထောင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၈၀၉ ရွာတွင် ကျေးရွာထင်းစိုက်ခင်းနှင့် ဘက်စုံသုံးစိုက်ခင်း ၃၅၅၁ ဧက၊ အပင် ၂ ဒသမ ၁ သန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၉၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ကားလမ်းဘေး ဝဲ၊ယာ ကြီးမြန်သစ်ပင်စိုက်ပျိုးခြင်းကို အပင် ၄၀၀၀၀ ကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၉၂ ရာခိုင်နှုန်းပြီးစီးကာ ဆက်လက်စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ မိတ္ထီလာခရိုင်အတွင်းရှိ ဆည်ရေလှောင်တမံ ၂၀ ၏ ရေဝေရေလဲဧရိယာများတွင် ရေဝေရေလဲထိန်းသိမ်းခြင်းနှင့် ရေဝေရေလဲစိုက်ခင်းတည်ထောင်ခြင်းများအတွက်လည်း ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဇုန်ဒေသ ၁၃ ခရိုင်အတွင်း အနည်းဆုံး တစ်ရွာ ၂ ဧက စိုက်ခင်းတည်ထောင်နိုင်ရေးအတွက် မြေနေရာရရှိရေး၊ ကျေးရွာများရှိ မြေပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုများ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေး၊ ရွာအဝင်နှင့် ရွာတွင်းလမ်းဘေး၊ အိမ်ခြံဝင်းအတွင်းပါ သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည့် အပူပိုင်းဇုန်ဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် လမ်းဘေး ဝဲ၊ယာ သစ်ပင်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး သယံဇာတဝန်ကြီးများနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများက စိုက်ခင်းတည်ထောင်ရန် မြေနေရာရရှိရေး၊ ရွေးချယ်ထားသော မြေနေရာများ၏ မြေပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုများ လုပ်ထုံးလုပ်နည်းနှင့်ဖြစ်စေရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အသေးစိတ်တင်ပြဆွေးနွေးကြသည်။

သို့ဖြစ်ရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်လာစေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ရမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြော

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီခွဲက အဆိုပါမြို့နယ်ရှိ (ည) ရပ်ကွက်၊ ပုညဘောဇနသဟာရဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းနိုင်က သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်၊ သမိုင်းကြောင်း၊ ကောက်ယူမည့်အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများအား အကျယ်တဝင့် အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်သွင်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များကို သန်းခေါင်စာရင်းကော်မတီဝင်များက တက်ရောက်လာကြသည့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ခင်စောလွင်)**





## ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းသို့ အလှူဒါနပြု

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးမြို့၊ တောင်စလင်းတိုက်သစ်ဆရာတော်၊ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၏ ပဓာန နာယကဆရာတော် ဘဒ္ဒန္တတိက္ခ၊ အဘိဓဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသသို့ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ ကုန်းတန်းလေးကျေးရွာနေ အလှူရှင်(ဒေါ်ထွေးရင်)အား ရည်စူး၍ ဦးဉာဏ်လင်း၊ (သမီး)မစန္ဒာလင်း၊ မပပလင်း မိသားတစ်စုက မျက်နှာကျက်လျှပ်စစ်ပန်ကာ နှစ်လုံးနှင့် ကျောက်စီဘုရားပုံ တစ်ပုံတို့ကို ယမန်နေ့က လာရောက်လှူဒါန်းကုသိုလ်ပြုရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ အလားတူ ရန်ကုန်မြို့နေ အလှူရှင် ဦးအောင်မြတ်ကိုကိုက ငွေကျပ်သုံးသောင်းဖြင့် သင်္ကန်းတစ်စုံ၊ မန္တလေးမြို့နေ အလှူရှင် ဦးကြီးစိန်+ဒေါ်ကြူဝါ မိသားတစ်စုက ငွေကျပ် သုံးသောင်းဖြင့် သင်္ကန်းတစ်စုံ အသီးသီးလှူဒါန်းကြသည်။ ဝါဆိုဆန်နှင့် ဝါဆိုသင်္ကန်းများ လှူဒါန်းကုသိုလ်ယူလိုပါက ဖုန်းနံပါတ် ၀၉-၆၆၀၈၅၀၃၉၉၊ ၀၉-၉၇၅၇၆၄၃၂၃ တို့ကို ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(ကဆ)**

၀-၀-၀-၀-၀

## ခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် အောင်မြေသာစံခရိုင်တွင် ခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက် မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်ရှိ Eastern Palace Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် အောင်မြေသာစံခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အောင်မြေသာစံခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးကော်မတီမှ ကော်မတီဝင်များက ခရီးသွားလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အောင်မြေသာစံခရိုင်အဆင့် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အောင်မြေသာစံမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ စုစုပေါင်း (၅၈)ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၃၇)**



### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

ရှေ့ဖုံးမှ

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကွန်ပျူတာ အသင်းချုပ် အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### အဓိကမဏ္ဍိုင်တစ်ခုဖြစ်

ဦးစွာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် e-Government သည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပင်မတွန်းအားဖြစ်သည့် Digital Economy ကို ဖော်ဆောင်နိုင်ရန်အတွက် အဓိကမဏ္ဍိုင်တစ်ခုဖြစ်



e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ရှင်းလင်းတင်ပြစဉ်။

ကြောင်း၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးခရီးစဉ်ကို လျင်မြန်လွယ်ကူချောမွေ့စေရန် အထောက်အပံ့ကောင်းများ ပေးစွမ်းနိုင်မည်ဖြစ်သည့်အတွက် အောင်မြင်အောင် မဖြစ်မနေ အကောင်အထည် ဖော်ဆောင်သွားကြရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်ကို ပြောကြားလိုကြောင်း။

e-Government ကို အစိုးရ၏ မဟာဗျူဟာစီမံကိန်းများနှင့် လုပ်ငန်းများတွင် ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများတွင် နည်းပညာ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေပြီး ထင်သာမြင်သာရှိသည့် ရလဒ်ကောင်းများနှင့် အချိန်တိုတိုအတွင်း အကျိုးရှိပြီး ထိရောက်အောင်မြင်မှုများ ရရှိလာစေနိုင်မည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ICT နည်းပညာများ စနစ်တကျ ဖွံ့ဖြိုးလာစေရေး ရည်ရွယ်ပြီး ၂၀၀၅ ခုနှစ်တွင် ပထမ Myanmar ICT Development Master Plan၊ ၂၀၁၀ ပြည့်နှစ်တွင် ဒုတိယ Myanmar ICT Development Master Plan တို့ကို ရေးဆွဲခဲ့ကြောင်း၊ ထို့နောက် e-Government လုပ်ငန်းများကို အရှိန်မြှင့်တင်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်တွင် Myanmar e-Governance Master Plan (2016-2020) ကို ဆက်လက်ရေးဆွဲခဲ့ကြောင်း၊ အဆိုပါ ရေးဆွဲခဲ့သည့် Master Plan များတွင် ပါဝင်သည့် e-Government လုပ်ငန်းစဉ်များကို အစိုးရဌာန အဖွဲ့အစည်းများ အသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှင်းလင်းတင်ပြစဉ်။

ယခုအခါတွင် နိုင်ငံတော်ကချမှတ်သည့် မူဝါဒသစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာသစ်များ လျင်မြန်စွာပြောင်းလဲမှုတို့နှင့် ကိုက်ညီမှုရှိစေရန်အတွက် ယခင်က ရေးဆွဲခဲ့သည့် e-Governance Master Plan (2016-2020)ကို ပြန်လည်ဆန်းစစ်ဖြည့်စွက်ပြင်ဆင်ပြီး "Myanmar e-Governance Master Plan 2030" ကို မူကြမ်းရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း၊ အဆိုပါ မူကြမ်းကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည့် e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄) တွင် e-Government ဦးဆောင်ကော်မတီကို

**❖ e-Government ကို အစိုးရ၏ မဟာဗျူဟာစီမံကိန်းများနှင့် လုပ်ငန်းများတွင်ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုများတွင် နည်းပညာ၏ အခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်လာစေပြီး ထင်သာမြင်သာရှိသည့် ရလဒ်ကောင်းများနှင့် အချိန်တိုတိုအတွင်း အကျိုးရှိပြီး ထိရောက်အောင်မြင်မှုများ ရရှိလာစေနိုင်မည်**

လမ်းညွှန်မှုခံယူရန် ဆက်လက်တင်ပြဆောင်ရွက်မည်ဟု ဆုံးဖြတ်ထားသည့်အတွက် ယခုအစည်းအဝေးတွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း။

### ဝန်ဆောင်မှုပေးနေ

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် အစိုးရ၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို Myanmar National Portal၊ Myanmar National Trade Portal စသည့် National Portal များနှင့် အစိုးရဝန်ကြီးဌာနများ အသီးသီး၏ အင်တာနက်စာမျက်နှာများမှတစ်ဆင့် ပြည်သူများ လွယ်ကူချောမွေ့စွာရရှိနိုင်ရန် ဖြန့်ဖြူးပေးခြင်းများကို ဝန်ဆောင်မှုပေးနေပြီဖြစ်ကြောင်း၊ ထို့ပြင် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုအရ ICT Infrastructure များသည် အချိန်တိုအတွင်း လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာပြီး မိုဘိုင်းဖုန်းအသုံးပြုမှုများသည်လည်း တစ်ရှိန်ထိုးတိုးတက်များပြားလာကြောင်း၊ မိုဘိုင်းဆက်သွယ်ရေးအသုံးပြုပြီး အစိုးရ၏



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။

ဝန်ဆောင်မှုများကို ပြည်သူများ နေရာအနှံ့အပြားက ရယူအသုံးပြုနိုင်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

### ဆိုက်ဘာလုံခြုံရေး အစီအမံများကို ထိရောက်စွာ အကောင်အထည်ဖော်

နည်းပညာများ မြန်ဆန်စွာဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အကျိုးကျေးဇူးများရှိသကဲ့သို့ တစ်ဖက်တွင်လည်း ဆိုက်ဘာတိုက်ခိုက်မှု၊ ဆိုက်ဘာရာဇဝတ်မှုများ သိသိသာသာမြင့်တက်လာပြီး အစိုးရအဖွဲ့အစည်းများသည် ဆိုက်ဘာလုံခြုံရေးနှင့် စပ်လျဉ်းသည့် အန္တရာယ်များနှင့် ပိုမိုရင်ဆိုင်လာရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆိုက်ဘာလုံခြုံရေးအစီအမံများကိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာမူဝါဒကို ၂၀၂၃ ခုနှစ်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ပြင် ဆိုက်ဘာလုံခြုံမှုကို ဥပဒေနှင့်အညီ ထိန်းကျောင်းသွားနိုင်ရေးအတွက် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ပြည့်စုံစွာပါဝင်နိုင်မည့် ဆိုက်ဘာလုံခြုံရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရှင်းလင်းတင်ပြစဉ်။

မိမိတို့မြန်မာနိုင်ငံ၏ e-Government ခရီးရှည်တွင် ယခုကဲ့သို့ထင်ရှားသည့် မှတ်တိုင်များကို တည်ဆောက်နိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂက ထုတ်ပြန်သည့် UN e-Government Development Index (EGDI) တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိသည့်အနက် မြန်မာနိုင်ငံသည် ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၆၉ တွင်ရှိနေရာက ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၃၄ ဖြစ်လာပြီး ၃၅ ဆင့် တိုးတက်လာခဲ့ကြောင်း၊ အလားတူ အစိုးရနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သည့် အုပ်ချုပ်မှုပုံစံကို ပုံဖော်နိုင်ခဲ့ပြီး အစိုးရ၏ စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းရပ်များကို ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတွင် ပြည်သူများ၏လိုအပ်ချက်များ၊ မျှော်လင့်ချက်များ၊ ထင်မြင်ယူဆချက်များနှင့် အကြံပြုချက်များ ပါဝင်နိုင်မှုကိုလည်း ပြသနိုင်ခဲ့သည့်အတွက် ကုလသမဂ္ဂက ထုတ်ပြန်သည့် e-Participation Index (EPI)၌ ၂၀၁၆ ခုနှစ်တွင် အဆင့် ၁၇၀ ရှိရာမှ ၂၀၂၂ ခုနှစ်တွင် အဆင့် ၁၁၇ အထိ ၅၃ ဆင့် တိုးတက်လာခဲ့သည့်ရလဒ်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

### အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုများဖြစ်

Digital Economy နှင့် Digital Government ကို ကူးပြောင်းခြင်းသည် အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ကြောင်း၊ မျှော်မှန်းချက်များ ပြည့်မီစေရန် အစိုးရ၏လုပ်ငန်းဆောင်တာများ၊ လုပ်ဆောင်မှုပုံစံများ ပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်အညီ မဆောင်ရွက်နိုင်ပါက ဝန်ဆောင်မှုများ အရည်အသွေးမပြည့်မီခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊

**❖ Digital Economy နှင့် Digital Government ကို ကူးပြောင်းခြင်းသည် အုပ်ချုပ်မှုနှင့် စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ကြောင်း၊ မျှော်မှန်းချက်များ ပြည့်မီစေရန် အစိုးရ၏လုပ်ငန်းဆောင်တာများ၊ လုပ်ဆောင်မှုပုံစံများ ပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်အညီ မဆောင်ရွက်နိုင်ပါက ဝန်ဆောင်မှုများ အရည်အသွေးမပြည့်မီခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊ အရင်းအမြစ်များနှင့် စီးပွားရေးအခွင့်အလမ်းများ ဆုံးရှုံးခြင်း စသည်များ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီး**

အရင်းအမြစ်များနှင့် စီးပွားရေးအခွင့်အလမ်းများ ဆုံးရှုံးခြင်း စသည်များဖြစ်ပေါ်လာနိုင်သည့်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် အလွန်အရေးကြီးကြောင်း။

အခြားသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆက်စပ်ဆောင်ရွက်ခြင်း မရှိဘဲ သီးခြား ရပ်တည်ဆောင်ရွက်နေကြသည့် လုပ်ဆောင်ချက်များကို တားဆီးရန် လိုအပ်ကြောင်း၊ အစိုးရဌာနများ အချင်းချင်းအကြား အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် စနစ်များနှင့် နည်းပညာများကို အသုံးပြုပြီး ICT infrastructure များနှင့် အချက်အလက်များကို မျှဝေအသုံးပြုသွားကြရမည်ဖြစ်ကြောင်း။

အစိုးရဌာနများအားလုံး မျှဝေအသုံးပြုနိုင်ရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့သည့် e-Government Data Center၊ Myanmar National Portal၊ One Map Myanmar Geo Portal၊ Government Cloud၊ Government e-Mail နှင့် e-ID အစရှိသည့် စီမံကိန်းများသည် အစိုးရ၏ စွမ်းဆောင်နိုင်ရည်နှင့် သတင်းအချက်အလက်လုံခြုံရေးကို မြှင့်တင်ပေးနိုင်သော ထင်ရှားသည့်သာဓကများပင်ဖြစ်ကြောင်း။

### Digital Payment များကို ပိုမိုအသုံးပြုနိုင်မှုများ မြင့်တက်လာ

အွန်လိုင်းအသုံးပြုပြီး လုပ်ငန်းဆောင်ရွက်မှုများ ကျယ်ပြန့်များပြားလာသည်နှင့်အမျှ အီလက်ထရွန်နစ်နည်းလမ်းနှင့် ဘဏ်လုပ်ငန်းများ ဆောင်ရွက်မှု၊ ငွေပေးချေမှု၊ ငွေတောင်းခံမှု၊ ငွေကြေးဆိုင်ရာ အချက်အလက်များပေးပို့မှုစသည့် Digital Payment များကို ပိုမိုအသုံးပြုနိုင်မှုများ မြင့်တက်လာသကဲ့သို့ တရားဝင်မှုနှင့် စစ်ဆေးခံနိုင်မှုများက စိန်ခေါ်မှုများအဖြစ် တွေ့ရှိလာရကြောင်း၊ ထို့ပြင် အရေးကြီးသည့်၊ ထိခိုက်မခံသည့် သတင်းအချက်အလက်များ ပျက်စီးဆုံးရှုံးခြင်းက ကာကွယ်ရန် Backup စနစ်များ၊ Disaster Recovery စနစ်များ တည်ဆောက်ထားရှိရန်လည်း လိုအပ်ကြောင်း။

e-Government စနစ်များကို တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ်၊ ငွေကြေးအရင်းအမြစ်၊ သဘာဝအရင်းအမြစ် စသည့်အရင်းအမြစ်များ လိုအပ်ကြောင်း၊ ယခုကဲ့သို့ လိုအပ်သည့် အရင်းအမြစ်များကို မျှတအသုံးပြုသွားနိုင်ရန်နှင့် အစိုးရဌာနများက အကောင်အထည်ဖော်နေသည့် စီမံကိန်းများကို အောင်မြင်နိုင်ခြေမြင့်မားရန် ဦးဆောင်ကော်မတီက စနစ်တကျလမ်းညွှန်မှုပြုပြီး ကြီးကြပ်ကွပ်ကဲသွားရမည်ဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် ပိုမိုပွင့်လင်းမြင်သာမှု၊ သတင်းအချက်အလက်များ မျှဝေမှု၊ ကျွမ်းကျင်သည့် လူ့စွမ်းအား အရင်းအမြစ်များ ရရှိနိုင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို စိတ်အားထက်သန်စွာ ထောက်ခံအားပေးရန်လည်း လိုအပ်ကြောင်း။

စာမျက်နှာ ၄ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်က လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။


သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval အား လက်ခံတွေ့ဆုံစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Shri Ajit Doval တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ စာမျက်နှာ ၃ မှ

ယနေ့ကမ္ဘာတွင် ဒစ်ဂျစ်တယ်အသွင်ကို အောင်မြင်စွာကူးပြောင်းနိုင်သည့် နိုင်ငံများသည် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာနေသည်ကို အထင်အရှားတွေ့မြင်ရကြောင်း၊ နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ပိုမိုကျယ်ပြန့်ပြီး ပိုမိုလုံခြုံစိတ်ချရသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ပေးနိုင်ခြင်းဆိုသည့် အချက်ပေါ်တွင် မှီတည်နေကြောင်း၊ ဒစ်ဂျစ်တယ်အစိုးရဆိုသည်မှာ ဒစ်ဂျစ်တယ်စွမ်းရည်နှင့် ဒစ်ဂျစ်တယ် ရင့်ကျက်ပြည့်စုံမှုများဆီကို ဦးတည်ရမည်ဖြစ်ခြင်းကြောင့် ယခင်ဆယ်စုနှစ်များက ကြိုးပမ်းအကောင်အထည်ဖော်ခဲ့သည့် e-Government ၏ ပုံရိပ်ကို တိုးမြှင့်ပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့မျှော်မှန်းသည့်ဒစ်ဂျစ်တယ် အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများအတွက် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များ လျော့ပါးလာစေရေးနှင့် ပြည်သူဗဟိုပြုသည့် e-Government ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကို မျက်ခြည်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက မြန်မာနိုင်ငံတွင် e-Government စတင်ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ e-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အင်တာနက် ဝန်ဆောင်မှုများ တိုးချဲ့နိုင်ရေး၊ ဝန်ကြီးဌာနများအချင်းချင်း ချိတ်ဆက်အသုံးပြုနိုင်သည့် EDMS စနစ်များ ချိတ်ဆက်နိုင်ရေးဆောင်ရွက်ခဲ့မှု၊ မိုဘိုင်းဖုန်းများ သုံးစွဲမှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှု၊ e-Government စနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် e-Government ဦးဆောင်ကော်မတီကို အမျိုးသားအဆင့်ဖွဲ့စည်းဆောင်ရွက်ခဲ့မှု၊ e-Government စနစ် တိုးတက်ရေးအတွက် Myanmar e-Government Master Plan 2030 ကို ရေးဆွဲဆောင်ရွက်ခဲ့မှု၊ နည်းပညာကျွမ်းကျင်သည့်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိမှု၊ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေး ဆောင်ရွက်ခဲ့မှုနှင့်မြန်မာယူနီကုတ်စနစ်ကို ဆောင်ရွက်ခဲ့မှု၊ ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ခဲ့မှု၊ e-Government စနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ပြည်သူများအား ကောင်းမွန်ပြည့်စုံသည့် ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများ ပေးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေး e-Government ဦးဆောင်ကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီအတွင်းရေးမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမွန်က e-Government ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး ကော်မတီဝင်များက e-Government လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ e-Government ဦးဆောင်ကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် နည်းပညာကျွမ်းကျင်သည့် ဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရေး၊ နည်းပညာကျောင်းများမှ လူသားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ဝန်ကြီးဌာနများအလိုက် ဌာနတွင်း e-Government များကို ပြည့်စုံစွာဖြင့် ဆောင်ရွက်ရန်နှင့် ထိုမှတစ်ဆင့် ဝန်ကြီးဌာနများအချင်းချင်း၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် e-Government စနစ်ဖြင့် ချိတ်ဆက်၍ လုပ်ငန်းများ ဆောင်ရွက်နိုင်အောင် အဆင့်ဆင့်ဆောင်ရွက်သွားရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သတင်းအချက်အလက်လုံခြုံမှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ပြီး e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd)က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ဘာသာရေးဆိုင်ရာများတွင် အတူတကွအပြန်အလှန် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား သင်တန်းသားများ စေလွှတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကျင်းပခဲ့မှုအခြေအနေများနှင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

### စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

**နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးကျင်းပခဲ့မှု အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) ဦးဆောင်သော အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၂၄ မှ

သိလိုသည့် အချက်အလက်များအား ဖြည့်စွက်ဆွေးနွေးပေးခဲ့သည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Is-kander Azizov တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

✪ MNL မှ

အတူ ဖယားအပေါ်မှ အသင်းများနှင့် အမှတ်ကွာဟသွားခဲ့သည်။

အရေးပါသည့်ပွဲ ဖြစ်သောကြောင့် နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်အားပြု ကစားခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသလို ခြေစွမ်းအရ ကွာခြားမှုမရှိသောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ သို့သော် နှစ်သင်းစလုံး အခွင့်အရေးများ အသုံးမချနိုင်သဖြင့် မိနစ် ၈၀ ကျော်အထိ ဂိုးမရဘဲ ၈၄ မိနစ်တွင် နောက်ခံလူ ဝင်းမိုးကျော်က ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက် ဂိုးသမား နေလင်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက လေးပွဲကစား ၁၀ မှတ်၊ ရတနာပုံအသင်းက လေးပွဲကစား ခုနစ်မှတ်ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက Dagon Port အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဒုတိယပိုင်းအပြန်အလှန် သွင်းဂိုးများဖြင့် နှစ်သင်းပေါင်းသွင်းဂိုး ခြောက်ဂိုးအထိရှိခဲ့ပြီး ဒဂုံစတားယူနိုက်တက်အသင်းက တတိယမြောက်နိုင်ပွဲရရှိခဲ့သည်။

ဒဂုံစတားအသင်းအတွက် ဂိုးများကို ၄၅+၁ မိနစ်တွင် ငြိမ်းချမ်း၊ ၆၅၊ ၈၃ မိနစ်တွင် စွမ်းထက်၊ ၉၀+၄ မိနစ်တွင် ဆွမ်လမန်တို့က သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးနှစ်ဂိုးကို ၅၁၊ ၇၃ မိနစ်တွင် မိုဂူက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဒဂုံစတားယူနိုက်တက်အသင်းမှ စွမ်းထက်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက လေးပွဲကစား ကိုးမှတ်၊ Dagon Port အသင်းက လေးပွဲကစားသုံးမှတ် ရရှိထားသည်။

ပွဲစဉ်(၄)ဒုတိယနေ့အဖြစ် ဇူလိုင် ၂၇ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဧရာဝတီယူနိုက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် သိပ္ပံနှင့် နည်းပညာ၊ အကောက်ခွန်ဆိုင်ရာ ကိစ္စများ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၆

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

မိုး/ဇလ

# ဒုတိယဝန်ကြီး ဦးလူမွန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလူမွန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ (8th China- South Asia Exposition)နှင့် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညနေပိုင်းက လေကြောင်းခရီးဖြင့် ကူမင်းမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဆွေးနွေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက (၈)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲ (8th China-South Asia Exposition)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲများဖြစ်သည့် South and Southeast Asia Digital Cooperation Initiative Matchmaking Conference and the First Promotion Conference for South and Southeast Asia Digital Cooperation ဆွေးနွေးပွဲများသို့ ဆက်လက်တက်ရောက်ကာ တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား ဒစ်ဂျစ်တယ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်သင်းဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမျိုးခိုင်ဝင်းတို့ ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




ဒုတိယဝန်ကြီး ဦးလူမွန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံကူမင်းမြို့တွင် ကျင်းပခဲ့သော ဒစ်ဂျစ်တယ်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအစည်းအဝေးများ တက်ရောက်ဆွေးနွေးစဉ်။

# နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့်ပြည်သူများ၏အကျိုးစီးပွားကို အစဉ်အလေးထား စီမံဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံ့ဝန်ထမ်းများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်၏ တာဝန်ထမ်းဆောင်ရာတွင် စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးကို အထောက်အကူဖြစ်စေရန်အတွက် အခါအားလျော်စွာ လစာနှုန်းထားတိုးမြှင့်ခြင်းနှင့် အပိုထောက်ပံ့ကြေး ခံစားခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ နိုင်ငံ့ဝန်ထမ်းများအား လက်ရှိလစာအပြင် အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်တစ်လ ကျပ် ၃၀၀၀၀/- ကို လစဉ်ခံစားခွင့်ပြုခဲ့ပါသည်။ ယခုအခါ နိုင်ငံ့ဝန်ထမ်းများအတွက် လက်ရှိလစဉ် ထောက်ပံ့လျက်ရှိသည့် အပိုထောက်ပံ့ကြေး ကျပ် ၃၀၀၀၀/- အပြင် ထပ်မံ၍ ကျပ် ၃၀၀၀၀/- ကို အပိုထောက်ပံ့ကြေးအဖြစ် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လမှစ၍ လစဉ်ခံစားခွင့်ပြုမည်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်တာဝန်ကိုထမ်းဆောင်ခဲ့ပြီး လက်ရှိပင်စင်ခံစားနေကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအတွက်လည်း အပိုထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀၀/-ကို လစဉ် ခံစားခွင့်ပြုမည်ဖြစ်ပါသည်။ အဆိုပါ ထောက်ပံ့ကြေးများအား ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်မှ စတင်ခံစားခွင့်ပြုမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

## စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ



နေပြည်တော် ဇူလိုင် ၂၆

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေး (4th BIMSTEC National Security Chiefs' Meeting) ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ အမျိုးသားလုံခြုံရေး ဆိုင်ရာအကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne(Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသဘာပတိ အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများက ဘင်္ဂလားပင်လယ်အော် ဒေသအတွင်း လုံခြုံရေးဆိုင်ရာ သမားရိုးကျ စိန်ခေါ်မှုများနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အတူတကွ ပေါင်းစည်း ဖြေရှင်းနိုင်ရေးနှင့် စပ်လျဉ်းသည့် ကြေညာချက်များကို နိုင်ငံအလိုက် ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် အိမ်ရှင်မြန်မာနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးက ယမန်နေ့က ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေး ဆိုင်ရာအကြီးအကဲများ အစည်းအဝေးအတွက် အကြိုညှိနှိုင်း အစည်းအဝေးမှ ထွက်ပေါ်လာသည့် တင်ပြချက်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်က အကြမ်းဖက်မှု နှိမ်နင်းရေးနှင့် နိုင်ငံဖြတ်ကျော် မှုခင်းဆိုင်ရာကဏ္ဍခွဲနှင့် အမျိုးသားလုံခြုံရေးနှင့် သက်ဆိုင်သည့် ကဏ္ဍများအလိုက် တိုးတက်မှုအခြေအနေများကို သုံးသပ်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများက အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းစဉ်များ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာများ နှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ သက်ဆိုင်ရာလုံခြုံရေးကဏ္ဍအလိုက် ထိရောက်သည့် သတင်းအချက်အလက်များ ပိုမိုပူးပေါင်းမျှဝေနိုင်ရေး၊ ဒေသတွင်း လက်ရှိဖြစ်ပေါ်နေသည့် လုံခြုံရေးဆိုင်ရာအခြေအနေ၊ ကြုံတွေ့လာနိုင်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိရမည့် အခြေအနေနှင့် အကောင်အထည် ဖော်ဆောင်ရွက်ကြရမည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် အစည်းအဝေး သဘာပတိ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်က ဒေသတွင်းလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဦးစားပေး အကောင်အထည်ဖော်ရမည့် အချက်များနှင့် အနာဂတ်တွင် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို ပြန်လည် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တိုက်တွန်းချက်ဖြစ်သည့် ဘင်းမ်စတက် နိုင်ငံများ၏ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေး (Food Security)နှင့် စွမ်းအင်လုံခြုံမှု (Energy Security) တို့အတွက် နိုင်ငံအချင်းချင်း ပူးပေါင်း ဆောင်ရွက်မှုမှသည် ပြည်သူလူထုအသီးသီး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထိ အထောက်အပံ့ဖြစ်စေရေး ပူးပေါင်း ဆောင်ရွက်ကြရေး အလေးထား ဆောင်ရွက်နိုင်ရန် ပြောကြားခဲ့သည်။

အစည်းအဝေး အပြီးတွင် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေး ဆိုင်ရာအကြီးအကဲများ အစည်းအဝေးသဘာပတိ အမျိုးသား လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်

## ရှမ်းယူနိုက်တက် အသင်းက ဒဂုံပေါ့အသင်းအား ၂ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရခဲ့



MNL(U-20)Youth League 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ (Week-8)ပွဲစဉ် တစ်ပွဲ အဖြစ် ယနေ့ညနေက စလင်းကွင်းတွင် ရှမ်းယူနိုက်တက် အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ကြပြီး ရှမ်းယူနိုက်တက် အသင်းက ၂ ဂိုး၊ ၁ ဂိုးဖြင့် အနိုင် ရခဲ့သည်။

ယင်းပွဲတွင် ဒဂုံပေါ့အသင်းက ဦးဆောင်ဂိုးစတင်ရခဲ့ခြင်းဖြစ်ပြီး ဒဂုံပေါ့အသင်းအတွက် ဂိုးကို ပွဲချိန် ၁၅ မိနစ်တွင် ကျော်စိုးသိန်းက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၃၁ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းမှ ချေပဂိုး ပြန်လည်ရခဲ့ပြီး ထက်မြတ်လွင်က သွင်းယူပေးခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေကျခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက် အသင်းမှ ဦးဆောင်ဂိုး စတင်ရရှိရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၇၆ မိနစ်တွင် ပထမဂိုးသွင်းပေးခဲ့သည့် ထက်မြတ်လွင်ကပင် ဒုတိယဂိုးကို ထပ်မံသွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၂ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်း ဂိုးသမား အနီကတ်ဖြင့် ထုတ်ခံခဲ့ရပြီး အသင်းခေါင်းဆောင်မှ ဂိုးသမားအဖြစ် ပြောင်းလဲကစားခဲ့သည်။ ဒဂုံပေါ့အသင်းသည် လက်ကျန်မိနစ်များတွင် ချေပဂိုးရရန် ကြိုးစားသော်လည်း ဂိုးအဖြစ် မပြောင်းနိုင်ခဲ့သည့်အတွက် ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးသွားခဲ့သည်။

ဒဂုံပေါ့အသင်းကို အနိုင်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် အမှတ်ပေးဇယားအဆင့် ၁ နေရာတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

(NGB)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး။

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇူလိုင် ၂၆

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများအား ညနေပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများဖြစ်ကြသည့် အိန္ဒိယနိုင်ငံမှ H.E. Shri Ajit Doval ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Ambassador Abdul Motaleb Sarker ၊ ဘူတန်နိုင်ငံမှ Mr. Sonam Wangyel၊ နီပေါနိုင်ငံမှ H.E. Mr. Harishchandra Ghimire၊ သီရိလင်္ကာနိုင်ငံမှ General Kamal Gunaratne (Retd) WWV RWP RSP USP Ndc psc MPhil၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakom NAPAPORNPIPAT၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ် H.E. Mr. Indra Mani Pandey နှင့် ၎င်းတို့၏ဇနီးများ၊ စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြီးအကဲများ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်သည့် ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဘင်းမ်စတက် အမျိုးသားလုံခြုံရေး ဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများသည် M Gallery ဟိုတယ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့ရိုးရာလက်မှုပစ္စည်းများ၊ ရိုးရာအထိမ်းအမှတ် ပစ္စည်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။




အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ ဇနီးများနှင့်အတူ ညစာကို ချစ်ကြည်ရင်းနှီးစွာ အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှု အကအလှများ၊ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ၏ ရိုးရာအကများ၊ ဘင်းမ်စတက်ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကပြကြသည်။

**အမှတ်တရလက်ဆောင်ပေးအပ်**

ညစာစားပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများက သီဆိုကပြဖျော်ဖြေပေးကြသည့် အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

သတင်းစဉ်






အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြီးအကဲများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်နှင့် ၎င်းတို့၏ဇနီးများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအား ယနေ့တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့တွင် သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၏ အတွင်းဝန် General Kamal Gunaratne (Retd) ကို လည်းကောင်း၊ ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT ကို လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအချင်းချင်း၊ ဒေသတွင်း ဘင်းမ်စတက်လုံခြုံရေးဆိုင်ရာ နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲလာမှုအခြေအနေနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဗိုလ်ချုပ် ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် ထိုင်းနိုင်ငံမှ H.E. Mr. Ruchakorn NAPAPORNPIPAT ကို လက်ခံတွေ့ဆုံစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ရှမ်းပြည်နယ်မြောက်ပိုင်းအခြေအနေတွေနဲ့ ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို ပြောပါမယ်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဟာ ဇူလိုင်လ ၃ ရက်နေ့မှာ လားရှိုးမြို့အနီးတစ်ဝိုက်ကို စတင်တိုက်ခိုက်ခဲ့ပါတယ်။ အလားတူပဲ TNLA အကြမ်းဖက်အဖွဲ့ဟာ နောင်ချို၊ ကျောက်မဲ၊ မိုးကုတ်မြို့တွေကို တိုက်ခိုက်ခဲ့တာတွေ ရှိပါတယ်။ ဒီလို တိုက်ခိုက်ခဲ့ရာမှာ စစ်ဘက်ဆိုင်ရာ နေရာတွေထက် သာမန်ပြည်သူတွေနေတဲ့နေရာတွေကို ရှေ့တိုက်ဒုံး၊ ဒရုန်းတွေနဲ့ ဖုံးကြဲတိုက်ခိုက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေ ဆုံးရှုံးခဲ့ရပါတယ်။ ဘာသာရေးအဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ ပြည်သူပိုင်ဆေးရုံဆေးခန်း၊ စာသင်ကျောင်းတွေ ထိခိုက်ပျက်စီးခဲ့ရပါတယ်။ လားရှိုးမြို့တစ်ခုတည်းမှာပဲ ကျွန်တော်တို့ စာရင်းကောက်လို့ရသမျှ ကလေးငယ် ငါးဦးအပါအဝင် ပြည်သူ ၃၀ သေဆုံးပြီး ဒဏ်ရာရရှိသူ ၅၅ ဦးရှိခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေဟာ မိမိတို့အနှစ်နှစ်အလလ၊ သားစဉ်မြေးဆက် ရှာဖွေစုဆောင်းတည်ဆောက်ခဲ့ရတဲ့ အိမ်တွေ၊ ဆိုင်တွေ၊ လုပ်ငန်းတွေ၊ ပိုင်ဆိုင်မှုတွေကို စွန့်ခွာထွက်ပြေးရပြီး တိုက်ပွဲရှောင်ခဲ့ရပါတယ်။ ယခု လက်ရှိအခြေအနေမှာ MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ သူတို့နဲ့ပူးပေါင်းနေတဲ့ PDF အကြမ်းဖက်တွေရဲ့ မြို့ရွာတွေကို ပစ်မှတ်ထားတိုက်ခိုက်မှုကြောင့် အဲဒီဒေသတွေကနေ နေရပ်စွန့်ခွာ ထွက်ပြေးပြီး ပြင်ဦးလွင်မြို့၊ တောင်ကြီးမြို့နဲ့ မန္တလေးမြို့အပါအဝင် အခြားမြို့ရွာတွေကို ရောက်ရှိခိုလှုံနေရသူ တိုင်းရင်းသားပြည်သူဦးရေ အမြောက်အမြားရှိနေပါတယ်။ သူတို့ကို နိုင်ငံတော်အစိုးရ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ Volunteer လူမှုကူညီရေးအသင်းတွေ၊ ပုဂ္ဂလိကစေတနာရှင် ပြည်သူတွေက ကူညီထောက်ပံ့ပေးနေတာကိုလည်း တွေ့ရပါတယ်။ သောင်းကျန်းသူတွေရဲ့ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာလာရတဲ့ ပြည်သူတွေကို သွားလာရာလမ်းတစ်လျှောက်မှာ တတ်နိုင်သလောက် ကူညီစောင့်ရှောက်ပေးခဲ့တဲ့ စေတနာရှင်တိုင်းရင်းသားပြည်သူတွေရဲ့ ကူညီလိုစိတ်၊ ဝိုင်းဝန်းလိုစိတ်နဲ့ မြန်မာဆိုတဲ့စိတ်ထားကို အထူးဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။ ဒီလိုပြည်ထောင်စုစိတ်၊ မြန်မာစိတ်ရှိတဲ့ ပြည်သူလူထုက လူသားချင်းစာနာစိတ်နဲ့ ဆောင်ရွက်နေချိန်မှာ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်တွေကို ဖျက်ဆီးနေတဲ့ ဓားပြဆန်ဆန်အဖွဲ့အစည်းဖြစ်တဲ့ သောင်းကျန်းသူအဖွဲ့တွေကို အားပေးအားမြှောက်လုပ်နေတဲ့ ပြည်ပကို ထွက်ပြေးတိမ်းရှောင်ပြီး ပြည်ပအားကိုး ပုဆိန်ရိုးလုပ်နေတဲ့သူတွေ၊ အဖွဲ့အစည်းတွေ၊ မီဒီယာတွေကိုလည်း စိတ်ပျက်ဖွယ်တွေ့ရပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုရဲ့ သေကျေပျက်စီးမှု၊ အိုးအိမ်နေရာဖျက်ဆီးဆုံးရှုံးခံရမှု၊ ပြည်သူပိုင်လမ်း၊ တံတား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ကိုးကွယ်ရာနေရာတွေဖြစ်တဲ့ဘုရားကျောင်း၊ဘာသာရေးအဆောက်အအုံတွေ ပျက်စီးရမှုတွေကို ဝမ်းသာအားရဖြစ်နေတဲ့သူတွေဟာ သူတို့ရဲ့စိတ်ထဲမှာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့လူမျိုး၊ ကျွန်တော်တို့ပြည်သူလူထုအပေါ်မှာ ဘယ်လောက်ထိ ကောက်ကျစ်စဉ်းလဲတဲ့စိတ်၊ ဖျက်လိုဖျက်ဆီးစိတ်ရှိတယ်ဆိုတာကို အထင်းသားပေါ်လွင်အောင်ပြသနေတာ ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းပြီး ထိထိရောက်ရောက် ပြတ်သားစွာဆန့်ကျင်ကြရပါမယ်။



မနေ့က MNDAA အကြမ်းဖက်အဖွဲ့က လားရှိုးမြို့ကို သိမ်းပိုက်နိုင်ပြီဆိုပြီး ကြေညာခဲ့တာ တွေ့ရပါတယ်။ တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးက အဲဒီသတင်းနဲ့ ပတ်သက်ပြီး ဒီသတင်းဟာ မဟုတ်မှန်ကြောင်းနဲ့ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်မှုသာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီ MNDAA အကြမ်းဖက်အဖွဲ့ရဲ့ကြေညာချက်ထွက်ပြီး အချိန်အနည်းငယ်အတွင်းမှာပဲ BPLA ဆိုတဲ့ ဗမာသစ္စာဖောက်လောက်ကောင်အဖွဲ့ကလည်း သံယောင်လိုက်ပေးတာတွေ၊ ခေါင်းဆောင်လုပ်တဲ့သူကလည်း မီဒီယာတွေကို ပြောကြားပေးတာတွေ၊ ထုံးစံအတိုင်းပဲ ပြည်ဖျက်မီဒီယာတွေ၊ ပြည်ပအားကိုးပုဆိန်ရိုးတွေက အုတ်အော်သောင်းတင်း ဝါဒဖြန့်တာတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ပိုပြီးထူးခြားတာက တရုတ်ဘာသာစကားနဲ့ TikTok၊ Wechat စာမျက်နှာတွေမှာ ဝါဒဖြန့်မှုတွေကို အရေအတွက်များစွာ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရပါတယ်။ ဒီအဖျက်သမားတွေ ဘာကိုရည်ရွယ်တာလဲ၊ ဒီမဟုတ်မမှန်သတင်းကို အရှိန်အဟုန်နဲ့ ဘာလို့ဖြန့်သလဲဆိုတာ ကျွန်တော်တို့ပြည်သူလူထု၊ လုံခြုံရေးအဖွဲ့အစည်းတွေ အားလုံးသိဖို့လိုအပ်ပါတယ်။

MNDAA၊ TNLA နဲ့ PDF အကြမ်းဖက်အဖွဲ့တွေဟာ ဒီဇူလိုင်လအတွင်းမှာ လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါဒေသတစ်ဝိုက်တိုက်ပွဲတွေမှာ သေဆုံး၊ ဒဏ်ရာရ၊ ပျောက်ဆုံး၊ ထွက်ပြေးသူတွေ တော်တော်များခဲ့ပါတယ်။ ဒါကြောင့် စစ်ဘေးရှောင်ပြည်သူတွေ၊ သူတို့ မတရားသိမ်းပိုက်ခဲ့တဲ့ရွာတွေက ကလေးသူငယ်တွေ၊ သက်ကြီးရွယ်အိုတွေအပါအဝင် တိုင်းရင်းသား ပြည်သူလူထုကို မတရားဖမ်းဆီးပြီး တိုက်ပွဲဝင်ခိုင်းခဲ့ပါတယ်။ သေကျေပျက်စီးမှု ထပ်မံရှိခဲ့ပါတယ်။ ဒါကြောင့် သူတို့ရဲ့အခြေအနေမှန်ကို ဖုံးကွယ်ဖို့၊ သူတို့ရဲ့ စိတ်ဓာတ်ရေးရာထိခိုက်နေမှုကို ဖုံးကွယ်ဖို့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ထပ်မံအသိပေးလိုတာကတော့ ဒီ MNDAA၊ TNLA နဲ့ အခြားအကြမ်းဖက်ဓားပြအဖွဲ့မှာ မတရားစုဆောင်းခံထားရတဲ့ပြည်သူလူထုအနေနဲ့ ဘေးကင်းရာကို ထွက်ပြေးလာရောက်နိုင်ပါတယ်။ ကျွန်တော်တို့တပ်မတော်နဲ့ လုံခြုံရေးအဖွဲ့အစည်းတွေက သူတို့ရဲ့ အသက်အန္တရာယ်နဲ့ လုံခြုံရေးကို ခိုင်ခိုင်မာမာ အာမခံပါတယ်။

လားရှိုးနဲ့ဆက်စပ်ဒေသတွေကို အကြမ်းဖက်တွေ တိုက်ခိုက်တဲ့အခါ ဒေသခံပြည်သူလူထု အပါအဝင် မြန်မာတစ်နိုင်ငံလုံးကပြည်သူတွေ၊ တရုတ်နိုင်ငံသားတွေကအစ ၎င်းတို့ရဲ့ ဓားပြဆန်ဆန်လုပ်ရပ်ကို ဝိုင်းဝန်းကန့်ကွက်ခဲ့ပါတယ်။ ဒါကြောင့် ပြည်သူလူထု ထိတ်လန့်ကြောက်ရွံ့အောင် ပြည်သူတွေနေတဲ့ရပ်ကွက်တွေ၊ အိမ်တွေပေါ် တည့်တည့် ရှေ့တိုက်ဒုံး၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်ပြီး ပြည်သူတွေထွက်ပြေးအောင်ခြောက်လှန့်လုပ်ဆောင်ခဲ့ပါတယ်။ အရပ်သားဟန်ဆောင်ပြီး ပြည်သူတွေရဲ့ နေရာတွေကို ဝင်ရောက်ခဲ့ပါတယ်။ ပြည်သူလူထုရဲ့ ဝိုင်းဝန်းဆန့်ကျင်မှု၊ ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုရဲ့စည်းရုံးမှု၊ ထင်မြင်ချက်တွေကို ဖြိုခွဲဖို့ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒ့ါအပြင် သူတို့နောက်ကွယ်ကထောက်ပံ့နေတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေဆီကနေ သူတို့ အသက်ဆက်နိုင်ဖို့ လိုအပ်ချက်တွေ ပိုမိုရရှိနိုင်ဖို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီနေ့မှာလည်း လားရှိုးမြို့အချို့နေရာတွေမှာ အရပ်ဝတ်တွေနဲ့ ဝင်ရောက်နေရာယူ၊ ပြီးမှယူနီဖောင်းလဲပြီး လမ်းလျှောက်ပြတာတွေ၊ အလံလွှင့်ပြတာတွေ၊ လားရှိုးမြို့ပေါ်အချို့နေရာတွေမှာ မော်တော်ယာဉ်နဲ့ လျှောက်သွားပြီး ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက်ပြီး ဝါဒဖြန့်တာတွေဆောင်ရွက်နေတာတွေကိုတွေ့ရမှာဖြစ်တယ်။

ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထု၊ ဒီဒေသမှာ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်နဲ့ နိုင်ငံတော်အတွက် ရှုပ်ရှုပ်ချွံချွံတိုက်ပွဲဝင်နေတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေအားလုံးက သိရှိဖို့လိုအပ်ပါတယ်။

MNDAA၊ TNLA အကြမ်းဖက်ဓားပြအဖွဲ့တွေဟာ အကြောင်းအမျိုးမျိုးပြပြီး ဒေသခံတိုင်းရင်းသားပြည်သူလူထုရဲ့ ပိုင်ဆိုင်မှုတွေ၊ အသက်အိုးအိမ်စည်းစိမ်တွေကို တိုက်ခိုက်နေတာ ဖြစ်ပါတယ်။ သူတို့မတရားကျူးကျော်ထားတဲ့ နယ်မြေတွေမှာ လူမျိုးရေး ခွဲခြားဆက်ဆံတာတွေ၊ မတရားသိမ်းပိုက်တာတွေ၊ အတင်းအဓမ္မ စစ်သားစုဆောင်းအသေခံခိုင်းတာတွေ လုပ်ဆောင်နေပါတယ်။ သူတို့အချင်းချင်းတောင် နယ်မြေလုနေတာကို တွေ့ရမှာဖြစ်ပါတယ်။ သူတို့ မတရားကျူးကျော်ထားတဲ့ ဘယ်နယ်မြေတွေမှာ ဒေသခံပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ တိုးတက်နေသလဲ၊ လုံခြုံနေသလဲဆိုတာကို မေးခွန်းထုတ်ချင်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုအပေါ် လက်နက်အားကိုးနဲ့ အနိုင်ယူနေတဲ့ ဓားပြအဖွဲ့အစည်းတွေသာဖြစ်ပါတယ်။

ကျွန်တော်တို့တပ်မတော်ဟာ မြန်မာ့လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ တပ်မတော်ဖြစ်ပါတယ်။ မြန်မာ့လွတ်လပ်ရေးကို တိုင်းရင်းသားပြည်သူလူထုနဲ့အတူ လက်တွဲပြီး အသက်၊ သွေး၊ ချွေးများစွာ ပေးဆပ်ရယူခဲ့ရပါတယ်။ လွတ်လပ်ပြီး မြန်မာနိုင်ငံမှာ သောင်းကျန်းသူအဖွဲ့မျိုးစုံ သူပုန်ထမှုကြောင့် ရန်ကုန်အစိုးရလို့ အခေါ်ခံရတဲ့ကာလမျိုးမှာ တာဝန်သိတိုင်းရင်းသား ပြည်သူလူထုနဲ့ပူးပေါင်းပြီး နိုင်ငံ့လွတ်လပ်ရေးနဲ့ မြန်မာပြည်သူလူထုရဲ့ အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ခဲ့ရပါတယ်။ တပ်မတော်မှာ စစ်တိုင်းဒေသကြီး ၁၄ ခု ရှိတဲ့အနက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဟာ အစဉ်အလာကြီးမားတဲ့ စစ်တိုင်းကြီးဖြစ်ပါတယ်။ ပြည်ပ ကူမင်တန် ကျူးကျော်စစ်ကို ရိုက်ချိုးခဲ့ပါတယ်။ ဗကပတွေရဲ့ ကျူးကျော်စစ်တွေကို အကြိမ်ကြိမ် ရိုက်ချိုးခဲ့ပါတယ်။ ဒေသခံတိုင်းရင်းသားပြည်သူလူထုကို ဓားပြသာသာ စစ်ဘုရင်၊ ဘိန်းဘုရင်တွေရဲ့ ဖိနှိပ်မှုအောက်က လွတ်မြောက်အောင် စွမ်းဆောင်ပေးခဲ့တဲ့ စစ်တိုင်းကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။

ဒီနေ့ဒီအချိန်အခါမှာ အခြေအနေ၊ အချိန်အခါတွေအရ ဓားပြသာသာစစ်ဘုရင်ဝါဒဟာ ဖုံးကွယ်မှုအမျိုးမျိုး၊ ဝါဒဖြန့်မှုအမျိုးမျိုး၊ လူမျိုးရေးမှိုင်းအမျိုးမျိုးနဲ့ ခေါင်းထောင်ထလာတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီနိုင်ငံ၊ ဒီပြည်သူလူထုအပေါ်မှာ အဖျက်စိတ်ဓာတ်ရှိတဲ့၊ သစ္စာမဲ့တဲ့ လောက်ကောင်တွေနဲ့ အဖွဲ့အစည်းတွေရဲ့ ယုတ်မာသောပူးပေါင်းကြံစည်မှု၊ ဓားပြသာသာ စစ်ဘုရင်ဝါဒကိုပံ့ပိုးနေမှုတွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီကိစ္စတွေဟာ အဆုံးသတ်ခါနီး၊ ငြိမ်းခါနီးမီးလိုဖြစ်နေပါပြီ။ ငြိမ်းခါနီးမီးထတောက်အောင် မဟုတ်မမှန်ဝါဒဖြန့်ဆောင်ရွက်နေတာ၊ ပြည်သူလူထုအပေါ်မှာ ဖိနှိပ်ပြီး စစ်သားစုဆောင်းတိုက်ပွဲဝင်ခိုင်းနေတာတွေ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ သတိရှိဖို့လိုအပ်ပါတယ်။ အားလုံးကဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ မြို့ရွာတွေထဲကို အရပ်သားအယောင်ဆောင်ပြီး စိမ့်ဝင်လာတဲ့ အကြမ်းဖက်တွေ၊ လောက်ကောင်တွေကို တိုင်းရင်းသားပြည်သူလူထု၊ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ လက်တွဲညီညီ သုတ်သင်ရှင်းလင်းရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း စွန့်စွန့်စားစား တိုက်ပွဲဝင်နေတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပြည်သူလူထုတွေကို နိုင်ငံတော်နဲ့ ပြည်သူလူထုက အလေးထား၊ တန်ဖိုးထားဂုဏ်ယူလျက်ရှိကြောင်း ဂုဏ်ယူစွာ ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူလူထုကိုကာကွယ်သော ကာကွယ်စစ်သည် မုချအောင်မြင်ရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိနေသရွေ့ တပ်မတော်ရှိပါမယ်။ တပ်မတော်ရှိနေသရွေ့ မြန်မာနိုင်ငံ တည်တံ့ခိုင်မြဲရပါမယ်။ ပြည်သူလူထုရဲ့ပိုင်ဆိုင်မှု၊ အသက်အိုးအိမ်စည်းစိမ်နဲ့ လူမှုစီးပွားဘဝလုံခြုံစေရပါမယ်။ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကလည်း ဝိုင်းဝန်းပြီး လက်တွဲညီညီဆောင်ရွက်ရင်း "အမိမြေသာယာစေဖို့ ငါတို့မြေကို ငါတို့ကာကွယ်ကြပါစို့ " ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

❖ နိုင်ငံတစ်ဝန်း စွန့်စွန့်စားစားတိုက်ပွဲဝင်နေတဲ့ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်တွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပြည်သူလူထုတွေကို နိုင်ငံတော်နဲ့ ပြည်သူလူထုက အလေးထား၊ တန်ဖိုးထားဂုဏ်ယူလျက်ရှိ

# ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများနှင့် ဇနီးများ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညို



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများနှင့် တာဝန်ရှိသူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ဖူးမြော်ကြည်ညိုကြစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

အမျိုးသား လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီးတို့သည် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ ဇနီးများ၊ အဖွဲ့ဝင်များ၊ ဘင်းမ်စတက် အတွင်းရေးမှူးချုပ်တို့နှင့် အတူ ယနေ့တွင် နေပြည်တော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုရာ ဂေါပကအဖွဲ့က ဘုရားကြီးတည်ထားကိုးကွယ် ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။



ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများနှင့် တာဝန်ရှိသူများ အမျိုးသားပြတိုက်တွင် ခင်းကျင်းပြသထားသည့် ပြကွင်းပြကွက်များကို လိုက်လံကြည့်ရှုကြစဉ်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းတို့ကို ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် အနုပညာလက်ရာ ကွဲပြားစွာ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်၊ အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင် ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များထွင်းထု ထည့်သွင်းထားသည့် ကျောက်စာရုံစေတီတော် အဆူ ၇၂၀ တို့ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် ဆင်းတုတော်နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဓာတ်ပုံတို့ကို ဓမ္မလက်ဆောင်အဖြစ် ပေးအပ်သည်။

ထို့အတူ ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြကာ စေတီတော် လိုဏ်အတွင်းရှိ မြန်မာလက်မှုအနုပညာများဖြင့် ထွင်းထုပူဇော်ထားသည့် ဗုဒ္ဓဖြစ်စဉ်တော်များနှင့် ဗုဒ္ဓရုပ်ပွားတော်များကို ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံရယူ၍ ပန်းပေါင်းစုံဆင်းတုတော်များကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတီတော်ကြီး ပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော်အဆောင်ရှိ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။

ယင်းနောက် ဘင်းမ်စတက် အမျိုးသား လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၏ ဇနီးများသည် မြန်မာ့ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)သို့ သွားရောက် လေ့လာကြည့်ရှုကြပြီး အမျိုးသားပြတိုက်သို့ ဆက်လက် သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ခံက ပြတိုက်နောက်ခံသမိုင်းအကျဉ်း၊ ပြတိုက်ဆိုင်ရာ အချက်အလက်များ၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြကွင်းပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။

သတင်းစဉ်

## MFF "D" Certificate Coaching Course သင်တန်း ပြီးဆုံး

**ရန်ကုန် ဇူလိုင် ၂၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဇူလိုင် ၂၃ ရက်က စတင်ဖွင့်လှစ်သည့် MFF "D" Certificate Coaching Course နည်းပြသင်တန်းသည် ယနေ့တွင် ပြီးဆုံးခဲ့ပြီဖြစ်သည်။

MFF "D" Certificate Coaching Course သင်တန်း၏ သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အစည်းအဝေးခန်းမတွင် ယနေ့ ညနေပိုင်းက ကျင်းပခဲ့ရာ MFF အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ သင်တန်းနည်းပြဆရာ ဦးဇေယျာမောင်၊ MFF မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ သင်တန်းနည်းပြဆရာ ဦးဇေယျာမောင်တို့က သင်တန်းဆင်းအမှာစကား အသီးသီးပြောကြားခဲ့ပြီး သင်တန်းသား တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံ ရိုက်ကူးကာ အခမ်းအနားကို ရုတ်သိမ်းခဲ့သည်။

MFF "D" Certificate Coaching Course နည်းပြသင်တန်းကို သင်တန်းသား ၂၇ ဦးနှင့် သင်တန်းသူ ၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

*NGB*



## သာစည်မြို့၌ သစ်တောထိန်းသိမ်းရေး အသိပညာပေးဟောပြော

**သာစည် ဇူလိုင် ၂၆**

မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ် သစ်တောဦးစီးဌာနက ကျောင်းသား ကျောင်းသူများ သစ်တောထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၈ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဦးလှထွန်းက အမှာစကားပြောကြားပြီး ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးရဲလွင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမိုးထက်အောင်တို့က သစ်တော ထိန်းသိမ်းရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

ထို့နောက် ကျောင်းဥယျာဉ်ခြံအတွင်း၌ ခရိုင်ဦးစီးမှူးနှင့်မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန် သစ်ပင်စိုက်ပျိုးခြင်းကို လက်တွေ့စိုက်ပျိုးပြသရာ ကျောင်းအုပ်ကြီးဒေါ်ရီရီဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# နိုင်ငံတကာ အားကစား သတင်းများ

## ဆန်ချို၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၄၀ အဖြစ် မန်ချက်စတာယူနိုက်တက်အသင်းသတ်မှတ်




**မန်ချက်စတာ ဇူလိုင် ၂၆**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းတောင်ပံကစားသမား ဆန်ချို၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၄၀ အဖြစ် သတ်မှတ်လိုက်ပြီဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမားဆန်ချိုသည် ပြီးခဲ့သည့် ဘောလုံးရာသီက မန်ချက်စတာယူနိုက်တက်အသင်းမှ ဒေါ့မွန်အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၂၁ပွဲကစားကာ ၃ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်း သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဆန်ချိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

## ရူဒီဂါ အယ်လ်အစ်တီဟတ်အသင်း၏ မြင့်မားသည့် လစာငွေဖြင့် ကမ်းလှမ်းမှုအား ပယ်ချ

**မက်ဒရစ် ဇူလိုင် ၂၆**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ရူဒီဂါက မိမိအနေဖြင့် အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း၊ ဆော်ဒီကလပ် အယ်လ်အစ်တီဟတ်အသင်း၏ မြင့်မားသည့် လစာငွေဖြင့် ကမ်းလှမ်းလာမှုကိုလည်း ပယ်ချခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၁ ပွဲကစားပြီး ၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ယာပုံ)**

အသက်(၃၁)နှစ် အရွယ်ရှိ ရူဒီဂါက "ကျွန်တော် အသင်းမှာ ဆက်ရှိသွားမှာပါ။ အယ်လ်အစ်တီဟတ်ကလည်း ကျွန်တော်ကို မြင့်မားသည့်လစာငွေနဲ့ ကမ်းလှမ်းမှုကို လက်မခံခဲ့ပါဘူး။ ကျွန်တော် ဒီအသင်းမှာ ပျော်ရွှင်နေပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရယူသွားလိုပါတယ်"ဟု ပြောသည်။ **(NGB)**




## 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Francisco Cerundolo တက်ရောက်

**လန်ဒန် ဇူလိုင် ၂၆**

ခရိုအေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အာဂျင်တီးနားတင်းနစ်ကစားသမားFrancisco Cerundolo တက်ရောက်ခဲ့သည်။

အဆိုပါ အာဂျင်တီးနား တင်းနစ်ကစားသမား Francisco Cerundolo သည် 2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Sonego အား ၆-၄၊ ၂-၆၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။




2024 Plava Laguna Croatia Open Umag တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အာဂျင်တီးနား တင်းနစ်ကစားသမား Francisco Cerundolo နှင့် ရုရှားတင်းနစ်ကစားသမား Andrey Rublev တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## လာမည့်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းနှင့်အတူ ဆုဖလားများစွာ ရယူသွားမည်ဟု မာရက်စကာ ပြောကြား




**လန်ဒန် ဇူလိုင် ၂၆**

ချဲလ်ဆီးအသင်း နည်းပြ မာရက်စကာက မိမိအနေဖြင့် လာမည့် ဘောလုံးရာသီအသစ်တွင် အသင်းနှင့်အတူ ဆုဖလားများစွာ ရယူသိမ်းပိုက်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါနည်းပြသည် ချဲလ်ဆီးအသင်း နည်းပြသစ်အဖြစ် ၂၀၂၄ ဇူလိုင် ၁ရက်မှစတင်ကာ ခန့်အပ်ခြင်းခံခဲ့ရပြီး လက်ရှိအချိန် အသင်းနှင့်အတူ လေ့ကျင့်ရေး အစီအစဉ်များ ပြုလုပ်လျက်ရှိသည်။

အသက်(၄၄)နှစ်အရွယ်ရှိ မာရက်စကာက "ကျွန်တော် ချဲလ်ဆီးအသင်းနှင့်အတူ လာမည့် ဘောလုံးရာသီမှာ ဆုဖလားများစွာရရှိအောင် သိမ်းပိုက်သွားမှာပါ။ ဒီလို ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းရဲ့ နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရလို့လည်း ဂုဏ်ယူမိပါတယ်။ အသင်းပိုင်ရှင်ကလည်း အသင်းပုံစံ ပြောင်းလဲတည်ဆောက်ရန်အတွက် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်များစွာ ခေါ်ယူခွင့် ပြုထားပါတယ်"ဟု ပြောသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ဂျန်နူဇက်အား တစ်ရာသီအငှားစာချုပ်ဖြင့် လက်စ်ပါးမက်စ်အသင်းခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၂၆**

စပိန်လာလီဂါကလပ် လက်စ်ပါးမက်စ်အသင်းသည် ဆီဗီလာအသင်း တောင်ပံကစားသမား ဂျန်နူဇက်အား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဆီဗီလာ အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လက်စ်ပါးမက်စ်အသင်းက အငှားဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဂျန်နူဇက်သည် လာမည့်ဘောလုံးရာသီအသစ်တွင် အသင်းအား ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟုလည်း ယုံကြည်ခြင်းကြောင့် လက်စ်ပါးမက်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

လက်စ်ပါးမက်စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၁၀ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(ယာပုံ)**

**(NGB)**




### အာဆီယံ(ယူ-၁၉)ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်)ပွဲစဉ်များ

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၇-၇-၂၀၂၄ စနေနေ့ | မွန်းလွဲ ၂း၃၀နာရီ | ဩစတြေးလျ - ထိုင်း |
| ,, | ည ၇း၀၀ နာရီ | အင်ဒိုနီးရှား - မလေးရှား |

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၇-၇-၂၀၂၄ စနေနေ့ | ည ၁၀း၃၀နာရီ | PVS(နယ်သာလန်) - ဗလင်စီယာ(စပိန်) |
| ,, | ,, | အက်သလက်တီကို(စပိန်) - နုမန်စီယာ(စပိန်) |
| ၂၈-၇-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၀း၀၀နာရီ | ဂါလာတာဆာရေး(တူရကီ) - ပါးမား(အီတလီ) |
| ,, | နံနက် ၀၂း၃၀နာရီ | ချဲလ်ဆီး(အင်္ဂလန်) - ဆဲလ်တစ်(စကော့တလန်) |
| ,, | နံနက် ၀၄း၃၀နာရီ | မန်စီးတီး(အင်္ဂလန်) - အေစီမီလန်(အီတလီ) |
| ,, | နံနက် ၀၆း၃၀နာရီ | အာဆင်နယ်(အင်္ဂလန်) - မန်ယူ(အင်္ဂလန်) |

### ၂၀၂၄ ပါရီ အိုလံပစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်များ

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၂၇-၇-၂၀၂၄ စနေနေ့ | ည ၇း၃၀နာရီ | C | ဒိုမီနီကန် - စပိန် |
| ,, | ,, | B | အာဂျင်တီးနား - အီရတ် |
| ,, | ည ၉း၃၀ နာရီ | C | ဥဇဘက်ကစ္စတန် - အီဂျစ် |
| ,, | ,, | B | ယူကရိန်း - မော်ရိုကို |
| ,, | ည ၁၁း၃၀ နာရီ | D | အစ္စရေး - ပါရာဂွေး |
| ,, | ,, | A | နယူးဇီလန် - အမေရိကန် |
| ၂၈-၇-၂၀၂၄ တနင်္ဂနွေနေ့ | နံနက် ၀၁း၃၀နာရီ | D | ဂျပန် - မာလီ |
| ,, | ,, | A | ပြင်သစ် - ဂီနီ |

### ဘောလုံး သတင်း အတို အထွာများ

* လီဗာပူးအသင်းသည် ဂျူဗင်တပ်အသင်း နောက်ခံကစားသမား ဘရီမာအားစတာလင်ပေါင် သန်း ၅၀ဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* ပြင်သစ်ကလပ် ဘော်ဒိုးအသင်းသည် ဘဏ္ဍာရေးအခက်အခဲပြဿနာများကြောင့် အသင်းဖျက်သိမ်းခဲ့ရပြီဖြစ်သည်။

* အဲဗာတန်အသင်းသည် မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ကီဗင်ဖီးလစ်အား အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

**(NGB)**

### ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄)

နိုင်ငံကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(ပွဲစဉ်-၁၊ ၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၇-၇-၂၀၂၄ စနေနေ့ | ညနေ ၃း၃၀နာရီ (ရန်ကုန်ကွင်း) | (၂)ရန်ကုန် - မဟာ(၅)<br>(W,W,D) (W,L,W) | ရန်ကုန် ၄-၀ မဟာ<br>မဟာ ၁-၀ ရန်ကုန် |
| ,, | ညနေ ၄နာရီ (သုဝဏ္ဏကွင်း) | (၇)အားကာ/သိပ္ပံ - ရှေ့ဝတီ(၁၀)<br>(L,W,L) (D,L,L) | အားကာ/သိပ္ပံ ၂-၃ ရှေ့ဝတီ<br>ရှေ့ဝတီ ၀-၂ အားကာ/သိပ္ပံ |

## ရွှေစည်းခုံဘုရားဝင်းအတွင်း ကြေးဂူတိုက်လေးခုအတွင်းမှ ပဉ္စလောဟာမတ်ရပ်ဆင်းတုတော်များ ဖူးမြော်လေ့လာနိုင်



**ညောင်ဦး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေ့လာရေး ဘုရားဖူးလာရောက်ဖြစ်ပါက ရွှေစည်းခုံဘုရားဝင်းအတွင်း ကြေးဂူတိုက်လေးခုမှ ပဉ္စလောဟာမတ်ရပ်ဆင်းတုတော်များကို လေ့လာနိုင်သည်။

အဆိုပါကြေးဂူတိုက်သည် ရွှေစည်းခုံဘုရားကြီး၏ အရှေ့ဘက်ကြေးဂူတိုက် ဂန္ဓကုဋီအတွင်း၌ရှိသော ပဉ္စလောဟာမတ်ရပ်ဆင်းတုတော်တစ်ဆူရှိပြီး ဘွဲ့တော်မှာ ကကုသန်မြတ်စွာဘုရား၊ တောင်ဘက်ကြေးဂူတိုက်အတွင်းတွင် ကောဏဂုံမြတ်စွာဘုရား၊ အနောက်ဘက်တွင် ကဿပမြတ်စွာဘုရားနှင့် မြောက်ဘက်တွင် ဂေါတမမြတ်စွာဘုရားတို့အား ဖူးမြော်နိုင်သည်။

ပဉ္စလောဟာဆင်းတုတော်များကို သာမန်ကြေးသွန်းလောင်း၍ ထုဆစ်ထားခြင်းမဟုတ်ဘဲ ရှေ့တွင်ဖောင်းကြွဖြစ်ပြီး နောက်တွင် အခွက်ပြုလုပ်ထားသည်ကို လေ့လာဖူးမြော်နိုင်မည် ဖြစ်သည်။ အစိတ်အပိုင်းများကို ရပစ်ဖြင့် ဆက်စပ်ထားပြီး ပုဂံခေတ်ဦးပိုင်းကပင် ကြေးခေတ်အတတ်ပညာမှာ မြင့်မားနေပြီဖြစ်ကြောင်း သိရှိလေ့လာနိုင်သည်။ ဦးခေါင်းတော်မှာ ထုထည်ဂင်းပိတ်ဖြစ်သဖြင့် ကြေးသွန်းလက်ရာမှာ ပုဂံခေတ်ကြေးသွန်းပညာရှင်များ၏ အလွန်ကောင်းမွန်သောလက်ရာကို တွေ့ရှိဖူးမြော်လေ့လာနိုင်မည် ဖြစ်သည်။

ကျန်စစ်သားမင်းကြီးသည် ရွှေစည်းခုံစေတီတော်ကြီးအား အေဒီ ၁၀၈၉ ခုနှစ်တွင် တည်ထားကိုးကွယ်၍ ပုဂ္ဂလိကကောင်းမှုပြုလုပ်ခဲ့ကြောင်း မှူးမတ်ပြည်သူတို့၏ဆန္ဒအရ ကုသိုလ်ပါဝင်လိုသဖြင့် ပြည်သူတို့၏ အလှူငွေကို ရယူ၍ ဤဂန္ဓကုဋီတိုက်လေးခုကို ထပ်မံဆောက်လုပ်ခဲ့ကြောင်း၊ ငွေကြေးအကူခံ၍ ဆောက်လုပ်ခဲ့သဖြင့် ကြေးဂူတိုက်ဟု ခေါ်ဝေါ်ခဲ့သည်။ စေတီတော်ကြီး၏ လေးမျက်နှာရှိ နတ်လမ်းလှေကားနှင့် တည့်တည့်နေရာများတွင် ကြေးဂူတိုက်ခေါ် ကွန်းတောင်ပေါက်ဂန္ဓကုဋီတိုက်လေးခုကို စေတီတော်ကြီးနှင့် တစ်ပြိုင်တည်း တည်ဆောက်ခဲ့ကြောင်း၊ ကြေးဂူတိုက်လေးခုအတွင်းတွင် ဥဒဏ်တော် ၁၂ ပေစီရှိ ပဉ္စလောဟာမတ်ရပ်ဆင်းတုတော်လေးဆူကို တည်ထားကိုးကွယ်ခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ပဉ္စလောဟာဆိုသည်မှာ ရွှေ၊ ငွေ၊ ကြေး၊ ခဲဖြူ၊ ခဲမည်း၊ သတ္တုငါးမျိုးဖြင့် ရောစပ်ထားသောသတ္တုဖြစ်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ရောက်ရှိခဲ့ပါက ရွှေစည်းခုံဘုရားဖူးမြော်ပြီး ကြေးဂူတိုက်လေးခုအတွင်းရှိ ပဉ္စလောဟာမတ်ရပ်ဆင်းတုတော်များကိုလည်း ဖူးမြော်နိုင်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**




## မဟာရတနာပုံဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း (၁၇)နှစ်ပြည့် အခမ်းအနားကျင်းပ၊ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်

**မန္တလေး ဇူလိုင် ၂၆**

မဟာရတနာပုံဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း (၁၇)နှစ်ပြည့် အခမ်းအနားနှင့် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ Hotel Sakura Princess,Cherry ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများ၊ အလုပ်အမှုဆောင်များ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ၊ဘုရားဒါယကာ၊ဒါယိကာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ဂုဏ်ထူးဆောင် နာယကကြီးများ ပေးပို့သော ဝမ်းမြောက်သဝဏ်လွှာများကို ဖတ်ကြားသည်။ဆက်လက်၍ မဟာရတနာပုံ ဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အဖွဲ့က တစ်နှစ်တာ ဆောင်ရွက်ခဲ့သော ကုသိုလ်မင်္ဂလာလုပ်ငန်း (၉) ရပ်၊ရွှေထီးတော်တင် မင်္ဂလာ (၁၃)ဆူ၊ သာသနာရေးဆိုင်ရာ အခမ်းအနား(၈)ရပ်၊ လှူဒါန်းမှု အစုစုငွေကျပ် ၂၆၉၉၀၀၀၀၊ မဟာပဋ္ဌာန်းပူဇော်မှု(၁၄)ဌာန၊ အလင်းမီးတစ်ထောင်ပူဇော်မှု(၈)ဌာန၊ ဆွမ်းတော်ကပ်လှူမှု(၂၁) ကြိမ်၊ စစ်ကိုင်းတောင် ပန်းကပ်လှူခြင်း အကြိမ်(၂၀)တို့ကို သာဓုခေါ်ဆိုနိုင်ရန် ပရိဂျက်တာဖြင့် ပြသသည်။ **(အပေါ်ပုံ)**

ထို့နောက် ၁၃၈၆ခုနှစ်အတွက် မဟာရတနာပုံဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အဖွဲ့၏ မော်ကွန်းဝင်နှင့် ဂုဏ်ထူးဆောင်ဘွဲ့များကို အသင်းဥက္ကဋ္ဌသဒ္ဓမ္မဇောတိကဓဇ ဦးသော်ဇင်မြင့်လွင်နှင့် အမှုဆောင်များက အစဉ်အလာအတိုင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ဝ၄၅)**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှဌာနမှူးဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်– ၆)**






## ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီသယ်ယူပို့ဆောင်နိုင်ရေး ကျေးလက်ကုန်ထုတ်လမ်း သုံးလမ်း ဖောက်လုပ်

**မိတ္ထီလာ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာ ၁၃ ရွာရှိ စိုက်ဧက ၁၁၅၂ ဧကမှ ထွက်ရှိသည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီ သယ်ယူပို့ဆောင်နိုင်ရေး ကျေးလက်ကုန်ထုတ်လမ်း သုံးလမ်း ဖောက်လုပ်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မိတ္ထီလာခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းမြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်းအား အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာမြို့နယ် ဆည်ကုန်းကျေးရွာတွင် အရှည် ၀/၆ ဒသမ ၈၂ မိုင်ရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ၄င်းလမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေရှိ Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု ရန်ပုံငွေကျပ် ၆၉ ဒသမ ၆၅သန်းဖြင့် ဦးစီးဌာနမှ တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိပြီး မလှိုင်မြို့နယ် မြို့ကုန်းကျေးရွာတွင် အရှည် ၁/၅ မိုင်ရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် ၄င်းလမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေရှိ Slab culvert သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေ ၁၃၆ ဒသမ ၄၅၆သန်းဖြင့် တင်ဒါအောင်မြင်သည့် ပြည့်ဝကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ဝမ်းတွင်းမြို့နယ် ပျားစွဲ (အနောက်)ကျေးရွာတွင် အရှည် ၁/၅ မိုင်ရှိ ကုန်လမ်းဖောက်လုပ်ခြင်းနှင့် ၄င်းလမ်းပေါ်တွင် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေရှိ Slab Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ပြည်ထောင်စုရန်ပုံငွေ ၁၃၁ ဒသမ ၉၉သန်းဖြင့် တင်ဒါအောင်မြင်သည့် Myanmar Mew Power ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းများပြီးစီးပါက ကျေးရွာ ၁၃ ရွာရှိ စိုက်ဧက ၁၁၅၂ ဧကမှ ထွက်ရှိသည့် ထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီသယ်ယူပို့ဆောင်ရောင်းချနိုင်ခြင်းဖြင့် ဈေးကောင်းများရရှိပြီး စီးပွားရေးတွက်ခြေကိုက်ကာ ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းထံက သိရသည်။

**(၄၆၉)**

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။



## အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ်တွင် ကျန်းမာရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချို၊ ဆီးချိုရောဂါ၊ နှလုံးရောဂါများကို အခမဲ့ စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီခွဲက မြန်မာ့စီးပွားရေးဘဏ်ရုံးအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်၍ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးကုသပေးခဲ့ပြီး သက်ဆိုင်ရာရောဂါများအလိုက် သောက်ဆေးများကို အခမဲ့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## စူပါအီးအမ်ဘိုကာရှီနှင့် အီးအမ်(၅) ဖျော်ရည်အသုံးပြုခြင်း ပညာပေးသရုပ်ပြ

**ကျွန်းလှ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် လာနီညီဖြစ်စဉ်ကြောင့် စိုက်ပျိုးထုတ်လုပ်သူများ ရင်ဆိုင်ဖြေရှင်း ကျော်လွှားနိုင်ရန်အတွက် စူပါအီးအမ်ဘိုကာရှီနှင့် အီးအမ်(၅) ဖျော်ရည်အသုံးပြုခြင်း ပညာပေးသရုပ်ပြပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၇ နာရီက အင်းကောင်းကျေးရွာ၊ ကွင်းအမှတ်(၂၉၄) တောင်သူ ဦးစက်မောင်၏ မိုးအစေ့ထုတ်ပြောင်း ၄ါးဧက၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အသိပညာပေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက စူပါအီးအမ်ဘိုကာရှီနှင့် အီးအမ်ဖျော်ရည် အသုံးပြုခြင်းဖြင့် မြေဆီလွှာဖွဲ့စည်းမှုကောင်းမွန်ခြင်း၊ အမြစ်စဉ်အင်အားကောင်းခြင်း၊အပင်ကြီးထွားခြင်း၊ သီးနှံအရည်အသွေးတိုးတက်ခြင်း၊ ပိုးမွှားရောဂါကာကွယ်တားဆီးနိုင်သည့် အာနိသင်ရှိခြင်း၊ ကုန်ကျစရိတ် သက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

အဆိုပါ အသိပညာပေးသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ကျွန်းလှမြို့နယ်သည် အစေ့ထုတ်ပြောင်း အဓိကစိုက်ပျိုးသောဒေသဖြစ်ပြီး ယခုနှစ် မိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိအချိန်အထိ ၁၁၀၂၅ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(၄၈၀)

၀-၀-၀-၀-၀



## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ရန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာကြည့်တိုက်အဆောက်အအုံအသစ်ဆောက်လုပ်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌရုံးခန်း၌ ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က ညောင်ဦးမြို့နယ်အတွင်း စာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်မည့် နတ်ပလင်ကျေးရွာနှင့် သူကောင်းတည် ကျေးရွာစာကြည့်တိုက်နှင့်ပြန်လည်ပြုပြင်မွမ်းမံမည့် လက်ပန်ခြေပေါ်ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရာတွင် အနီးကပ်ကြီးကြပ်နိုင်ရေး မြို့နယ်အဆင့်ကော်မတီဖွဲ့စည်းထားမှုတို့အား အမှာစကား ပြောကြားသည်။ ဆက်လက်၍ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဋ္ဌေးအောင်က ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေး၊ ခိုင်မာစာကြည့်တိုက်များဖြစ်ပေါ်စေရေးနှင့် မြေပြင်တွင် ရှင်သန်လှုပ်ရှားစာကြည့်တိုက်များ ဖြစ်ပေါ်စေရေး၊ စံညီစာကြည့်တိုက်များ အစဉ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အား ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဝင်များက ပြန်လည် ဆွေးနွေးခဲ့ကြောင်း သိရသည်။

(၄၈၁)

## နတ်မောက်မြို့နယ် ကျောင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဇူလိုင် ၂၆**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ သတ္တမစက်ဝန်း ထုတ်ချေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ကျောင်းကုန်းကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျောင်းကုန်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးအား ငွေကျပ် ၃၁ ဒသမ ၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးအား ငွေကျပ် ၇ ဒသမ ၂ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို သတ္တမအကြိမ်မြောက်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၈ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မှူမှူစန်း(မြို့နယ်ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၂၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Gu Jessica Moe"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ရှောလီပိုင်းရပ်ကွက်နေ မိုးနှင်းခိုင်အား ညနေ ၆ နာရီ ၁၀ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁) မြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကာယဖွံ့ဖြိုး ဉာဏ်ရည်တိုး၍ ဆုံးဖြတ်ချက်မှန်ကန်လျင်မြန်စေနိုင်မည့် ဝူရှူးအားကစား



"လူငယ်လူရွယ်တွေရဲ့ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်တာက အားကစားပဲ ဖြစ်တယ်။ လူငယ်တွေကို မြန်မာ့သိုင်းပဲဖြစ်ဖြစ်၊ တိုက်ကွမ်ဒိုပဲဖြစ်ဖြစ်၊ ကရာတေးပဲဖြစ်ဖြစ်၊ လက်ဝှေ့ပဲဖြစ်ဖြစ် အားကစားနည်း သင်ပေးတဲ့နေရာတွေဆီ ကလေးတွေကို ပို့ပေးပါ။ ကာယဖွံ့ဖြိုးပြီး ဉာဏ်ရည်တိုးမယ်ဆိုတာ မေ့နေကြတယ်။ ဒီနေ့ ကလေးတွေက ခါးကိုင်းကိုင်း မျက်မှန်လေးတွေနဲ့ဖြစ်နေတယ်"ဟု အသက် ၆၈ နှစ်ကျော်ပြီဖြစ်သော်လည်း ကျန်းမာသန်စွမ်းဆဲဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ ဝူရှူးဆပ်ကော်မတီ၊ အတွင်းရေးမှူးနှင့် နည်းပြချုပ်ဆရာ ဦးကျော်အေးက ပြောသည်။

သူသည် ကလေးအရွယ်နှင့် လူငယ်များအား ကာယ၊ ဉာဏ်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံစေလိုသောဆန္ဒဖြင့် ယနေ့တိုင် နည်းပြအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့သိုင်းပညာ၊ မြန်မာ့လက်ဝှေ့တို့အပြင် ရှောင်လင်နှင့် ဝူရှူးတိုက်ခိုက်ရေး အတတ်ပညာများကို တတ်မြောက်သူဖြစ်ပြီး အသင်း၏ အတွင်းရေးမှူးနှင့် နည်းပြတာဝန် ထမ်းဆောင်လျက်ရှိသည်။

"ကျွန်တော့်ရဲ့ ရည်ရွယ်ချက်က အားကစားနဲ့ လူငယ်ကလေးတွေကို ပြုစုပျိုးထောင်ရေးပါ။ ကျွန်တော် ငယ်ငယ်က မြန်မာ့သိုင်း၊ မြန်မာ့လက်ဝှေ့ကို သင်ယူတတ်မြောက်ခဲ့တယ်။ ရှောင်လင်ကွန်ဖူးအတတ်ပညာကို မြစ်ကြီးနားက ဆရာဆီက သင်ယူခဲ့ပြီး ကိုးလုံးတကာဘုရားအတွင်းမှာ ထိုက်ကျိရှောင်လင်ဆိုပြီး သင်တန်းဖွင့်ခဲ့တယ်။ အခြေအနေအရ သင်တန်းပိတ်ခဲ့ရတယ်။ သင်တန်း ပိတ်လိုက်ရတော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ ရွှေလက်သီး ရိုးရာလက်ဝှေ့က ဆရာဦးတိုးမြင့်ကခေါ်လို့ အဲဒီမှာ နည်းပြလုပ်တယ်။ ရွှေလက်သီးမှာစပြီး လက်ဝှေ့သင်ပေးခဲ့ရာကနေ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တွေ လိုက်ကာ သင်ပေးခဲ့ပြီး ရိုးရာလက်ဝှေ့ကစားသမားများကို မွေးထုတ်ပေးနိုင်ခဲ့ပါတယ်၊ မြစည်တော်ဆိုရင် ဩစတေးလျမှာ ရွှေခါးပတ်ရခဲ့တာ"ဟု ဆရာဦးကျော်အေးက ပြောသည်။

၁၉၉၃ မှာ ဝူရှူးပညာရပ်ရောက်ရှိလာတဲ့အတွက် မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီကို စတင်တည်ထောင်ပြီး ၁၉၉၄ ခုနှစ် ဒုတိယအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေ ၁ ၊ ငွေ ၂ ၊ ကြေး ၃ ခုနှင့် အသင်းလိုက် တတိယဆုရခဲ့သည်။ ၁၉၉၇ ခုနှစ်၊ တတိယအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မန္တလေးတိုင်းဒေသကြီးက ဆုတံဆိပ်ရွှေ ၁၀ ခုနှင့် အမြင့်ဆုံးပထမဆု ရခဲ့သည်။ အမျိုးသားအားကစားပွဲတော်တွင် တံခွန်စိုက်ဆုမပေးဘဲ တိုင်းနှင့်ပြည်နယ်များကပေးသော တံခွန်စိုက် ဒိုင်းဆုကို သုံးနှစ်ဆက်တိုက် ရရှိခဲ့ကြောင်း သိရသည်။

## အားကစားနှင့် ဗလငါးတန်

"အာရောဂျံ ပရမံ လာဘံ"ဟု မြတ်ဘုရားဟောကြားတော်မူခဲ့သည်မှာ ကျန်းမာရေးကောင်းမွန်ခြင်းသည် လာဘ်ကြီးတစ်ပါးဟုဆိုခြင်း ဖြစ်သည်။ ယနေ့လူသားတို့သည် ကျန်းမာရေးအတွက် အစားအသောက်၊ အနေအထိုင်၊ သွားလာလှုပ်ရှားမှုတို့တွင် သတိရှိကြသူ၊ လိုက်နာကျင့်သုံးကြသူများ ရှိသော်လည်း အားကစားသည် ကျန်းမာရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့် ပြည့်စုံစေသည်ကို မေ့လျော့နေကြသည်။

"ကျွန်တော် ဆုပ်ကိုင်ထားတာက ကလေးလူငယ်တွေကို စိတ်ပိုင်းဆိုင်ရာနဲ့ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးဖို့ပဲ။ ဝူရှူးအားကစားနည်းက ငါးနှစ်ကလေးအရွယ်ကစပြီး ပြုစုပျိုးထောင်နိုင်ပါတယ်၊ အခြားအားကစားနည်းတွေက ကြီးမှလုပ်လို့ရတယ်။







ဝူရှူးကစားနည်းသဘောတရားက ပျော့ပျောင်းရမယ်။ လျင်မြန်ဖျတ်လတ်ရမယ်။ ကြံ့ခိုင်မှုရှိရမယ်ဆိုတာတွေကြောင့် ကလေးငယ်အရွယ်ကစပြီး ပြုစုပျိုးထောင်သင့်ပါတယ်။ ကလေးတွေကို ရွေးချယ်တာကလည်း သင်ကြားရတာလွယ်သလို ဝူရှူးက ကလေးတွေကို ပြုစုပျိုးထောင်နိုင်တဲ့ အားကစားနည်းဖြစ်လို့ပါ။ ဆိုလိုတာက ကျွမ်းဘားနဲ့ ဝူရှူးက ငယ်စဉ်ကလေးဘဝကတည်းက သင်ကြားလေ့ကျင့်မှ ရတယ်။ အရွယ်ကြီးလာမှဆိုရင် မရနိုင်ပါဘူး"ဟု ၄င်းက ပြောသည်။

ထိုသို့ ဗလငါးတန်ပြည့်စုံအောင် ဖြည့်ဆည်းရန်မှာ ငယ်ရွယ်စဉ် ကလေးဘဝနှင့် ကျောင်းသားလူငယ်များအရွယ်ကတည်းက အလေ့အကျင့်တစ်ခုဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်မှာ မိဘတိုင်းက ဆောင်ရွက်သင့်သည်ဟု ဆိုချင်သည်။ များသောအားဖြင့် ယနေ့ ကလေးလူငယ်များသည် နည်းပညာပင်လယ်ထဲတွင် မျောပါနေကြပြီး Internet Games များနှင့် အချိန်ဖြုန်းနေကြလေ့ရှိသည်။ အလွန်အကျွံဖြစ်သောအခါ အမြင်အာရုံပျက်စီးနိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ပုံမှန်မဟုတ်သော အခြေအနေရောက်သွားနိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုမရှိ၍ ကာယခွန်အားဆုံးရှုံးခြင်းစသည်ဖြင့် မကောင်းသောဆိုးကျိုးများကြောင့် အဘိုးကြီးအိုခါးကုန်းကုန်းပုံစံဖြင့် ပါဝါများများ မျက်မှန်ကြီးများ တပ်ဆင်နေကြရသူတွေ များလာနေပါသည်။

## ဝူရှူးအားကစားနှင့် အကျိုးငါးမျိုး

မြန်မာ့ရိုးရာ သိုင်း၊ လက်ဝှေ့၊ တိုက်ကွမ်ဒို၊ ကရာတေး စသည်ဖြင့် အားကစားနည်းများရှိရာ ဝူရှူးအားကစားနည်းမှာလည်း မြန်မာနိုင်ငံတွင် ၁၉၉၄ ခုနှစ်က မြန်မာနိုင်ငံ ဝူရှူးအသင်းချုပ်ပေါ်ပေါက်ခဲ့ကာ ၁၉၉၄ ခုနှစ်မှစတင်၍ အမျိုးသားအားကစားပွဲတော်တွင် ယှဉ်ပြိုင်ရသည့် အားကစားနည်း ဖြစ်ခဲ့သည်။

"ရိုးရာလက်ဝှေ့နဲ့ ရှောင်လင်အားကစားနည်းသင်ပေးနေရာက တစ်နေ့မှာ ဦးစိန်သောင်း၊ ဦးမြတ်စိုးရွှေတို့ ကျွန်တော့်ဆီလာပြီး ရှောင်လင်ကွန်ဖူးကနေ ဝူရှူးကိုကူးပြောင်းရင်ရတယ်ဆိုပြီး ပြောတော့ ဝူရှူးပြောင်းခဲ့တာပါ။ ၁၉၉၃-၉၄ မှာ ရန်ကုန်သွားပြီး ဝူရှူးနည်းစနစ်တွေ လေ့လာတယ်။ ပြိုင်ပွဲဝင်နည်းစနစ်တွေ ယူတယ်"ဟု ဆရာဦးကျော်အေးက ဆက်လက်ပြောသည်။

မည်သည့်အားကစားနည်းမဆို သင်ယူလေ့ကျင့်နေခြင်းအားဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများမှာ ကာယဖွံ့ဖြိုးလာမည်။ ကာယဖွံ့ဖြိုးလာပါက ဉာဏ်ရည်ဉာဏ်သွေး ကောင်းလာမည်။ ထို့နောက် မိမိကိုယ်ကိုယုံကြည်မှုရှိလာပြီး မှန်ကန်မြန်ဆန်သော ဆုံးဖြတ်ချက်ချနိုင်မည်ဟူ၍ လေးမျိုးရရှိမည် ဖြစ်သည်။ ထိုလေးမျိုးအပြင် ဘဝဇာတ်ခုံတွင် တွေ့ကြုံလာသမျှကို ကျော်ဖြတ်ရဲသောသတ္တိ ရှိလာမည်ဖြစ်ရာ ဗလငါးတန်ပြည့်စုံမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

"ဥပမာ လက်သီးတစ်လုံး ကိုယ့်ဆီကိုဝင်လာရင် ခဏနေဦးလို့ ပြောလို့မရဘူး။ ရှောင်မှာလား၊ တိမ်းမှာလား၊ တားမှာလား၊ ဆုံပြီး တိုက်မှာလား ဆိုတာ စက္ကန့်ပိုင်းအတွင်း ဆုံးဖြတ်ချက်ချရတယ်။ အဲဒီမှာ ဆုံးဖြတ်ချက်မှန်ဖို့ လိုတယ်။ အဲဒီ လေးမျိုးရရင် ကျော်ဖြတ်ရဲတဲ့ သတ္တိ ရှိလာမယ်၊ ကိုယ်သွားမယ့်လမ်းမှာ ပိတ်ဆို့တာရှိရင် ငုံ့သွားမလား၊ ကျော်သွားမလား၊ ကွေ့သွားမလား၊ ငုံ့သွားရင်လည်း အမြဲ ဦးကျိုးသွားတတ်တယ်။ မငုံ့ဘူးဆိုပြီး မကျော်သင့်ဘဲ ကျော်သွားရင် အပြစ်ဖြစ်မယ်။ ကွေ့သွားရင် ခရီးဝေးသွားမယ်။ အဲတော့ ငုံ့လို့လည်း မရဘူး၊ ကျော်လို့လည်း မရဘူး၊ ရှောင်လို့လည်း မရဘူးဆိုချိန်မှာ ဖောက်ထွက်ရဲရမယ်။ အဲဒီသတ္တိ ရှိလာတယ်။ ဒါတွေက ဗလငါးတန်လို့လည်း ခေါ်နိုင်မှာဖြစ်သလို အားကစားလုပ်တဲ့အခါ ရလာမယ့်အကျိုးကျေးဇူးတွေပဲ၊ ကျန်တဲ့ အကျိုးကျေးဇူးတွေက အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနဲ့ ကိုယ်ကာယဖွံ့ဖြိုးလာမယ်"ဟု ဆရာက ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီး ဝူရှူးဆပ်ကော်မတီမှ နှစ်ပေါင်း ၃၀ အတွင်း နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် ဝူရှူးအားကစားသမား ၅၀ ကျော် မွေးထုတ်ပေးခဲ့ပြီး SEA Game , ASIA Game ,World Champion Ship ပြိုင်ပွဲနှင့် အိုလံပစ်ပြိုင်ပွဲများတွင် ရွှေတံဆိပ်များရယူပေးခဲ့ကာ ၄င်းအားကစားသမားများထဲမှ ကမ္ဘာ့အဆင့်တွင် ရွှေဆုတံဆိပ် ယူပေးနိုင်ခဲ့သူ သုံးဦး မွေးထုတ်နိုင်ခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီး အတွက် ဂုဏ်ယူရမည်ဟု ဆိုချင်ပါတော့သည်။

(ဆက်လက်ဖော်ပြပါမည်)

ခိုင်ဆက်ဝေ





## စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၆**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက် ၈နာရီခွဲက ၄င်း အထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က အဖွင့်အမှာစကားများအားလည်းကောင်း စစ်ကိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးမှူး ဒေါ်နေမျိုးပိုင်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကျင်းပရခြင်း၏ ရည်ရွယ်ချက်အားလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာဖတ်ဝိုင်း ဆွေးနွေးပွဲ၊ စာအုပ်ပြပွဲနှင့်အသိပညာပေး နံရံကပ်စာဆောင်၊ ခတ်ပုံပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူများကပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ အသီးသီး ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့်အဖွဲ့ဝင်များ၊ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူးဒေါ်နေမျိုးပိုင်နှင့်အဖွဲ့ဝင်များ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ဝ၅၇)**






## အမှတ်(၃)ရပ်ကွက်၊ရပ်ကွက်စာကြည့်တိုက် အဆောက်အအုံ ပန္နက်တင်အခမ်းအနား ကျင်းပ

**အောင်လံ ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး၊အောင်လံခရိုင်၊ ပြလို့မြို့၌ နိုင်ငံတော်လှူဒါန်းထောက်ပံ့ငွေဖြင့် ဆောက်လုပ်မည့် အမှတ်(၃)ရပ်ကွက်၊ ရပ်ကွက်စာကြည့်တိုက် အဆောက်အဦ ပန္နက်တင် အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ပြလို့မြို့ အဆိုပါ စာကြည့်တိုက် မြေနေရာတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမျိုးသိန်း၊ ပြလို့မြို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးတွင် ရတနာပန္နက်စိုက်ထူ၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ရာ လိုအပ်သည့်များကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး အုတ်၊ သဲ၊ ကျောက်နှင့် မြေနေရာများကို ပြလို့မြို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**မျိုးသိန်း(ပြန်/ဆက်)**



## စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**ပုဗ္ဗသီရိ ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်သင်ကြားခြင်းကို ယနေ့ နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရေးဦးစွာ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး လက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက် အမျိုးအစားများ၊ ထူးခြားသည့် ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူအခြေခံကတ်ပြားပုံစံ(နမူနာ)၊ စာရေးသူ ကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုးတူစုပညာရပ်များ စသည်တို့ကို ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး အဆိုပါ သင်တန်းသို့ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် အခြေခံပညာကျောင်းများမှ စာကြည့်တိုက်မှူးများ စုစုပေါင်း ၄၄ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## ပတ်စရာ၊ မှတ်စရာ ခုံလင် ယနေ့ဖြေ

### ရာသီမသိ ပန်းနှင့်ညို

- လတန်ခူးမှာ ပိတောက်ဝါ
  ပင်လုံးကျွတ်မျှ ပွင့်ဝေဆာ ။
- ထိန်ထိန်ဝင်းတဲ့ ရွှေစကားပန်း
  ကဆုန်လမှာ ထုံအီလွှမ်း ။
- စပယ်ဖွေးဖွေး မွှေးမွှေးကြူ
  နယုန်လရဲ့ ပန်းသရဖူ ။
- မြတ်လေးပန်းတို့ သင်းကြိုင်မွှေး
  ဝါဆိုမိုးဦး ပင်လုံးဖွေး ။
- ပန်းခတ္တာတို့ ပွင့်စုံညီ
  ဝါခေါင်လမှာ ပွင့်ရာပြီ ။
- ရွှေယင်းမာက တော်သလင်း
  ပင်ယံထက်မှာ မွှေးပျံ့သင်း ။
- ကြာမျိုးငါးသွယ် ဖူးငုံစီ
  သီတင်းကျွတ်လ ခါတော်မီ ။
- တန်ဆောင်မုန်းမှာ ရွှေခဝဲ
  ဝင်းဝင်းဝါဝါ ပွင့်ကြမြဲ ။
- တော်ဝင်သဇင် ပန်းမြတ်မဟာ
  နတ်တော်လမှာ ဂုဏ်တင့်စွာ ။
- ခွာညိုနွယ်ပန်း ပြာသိုထဲ
  စင်လုံးညွတ်မျှ သူပွင့်မြဲ ။
- ပေါက်နှင့်လဲတို့ ယှဉ်ပြိုင်ပွင့်
  တပို့တွဲလမှာ အလှဂုဏ်ဆင့် ။
- တပေါင်းခါမီ ပန်းသရဖီ
  ပျိုမဒီတို့ နှစ်သက်သည် ။
- ဆယ့်နှစ်လတာ ပွင့်တဲ့ပန်း
  ပြည်မြန်မာရဲ့ ရာသီပန်း ။
- ရာသီမသိ ပန်းနှင့်ညို
  ရာသီလည်းသိ ပန်းလည်းသိ ။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**

## ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးသင်တန်းဖွင့်လှစ်

**ကျွန်းလှ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် သီးနှံမျိုးစုံ စိုက်ခင်းများ ပိုးမွှားကျရောက်မှု ကင်းစင်စေရန်အတွက် ဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးသင်တန်းကို ဇူလိုင် ၂၅ရက် နံနက်ပိုင်းက အင်းကောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရေးဦးစွာ ကျွန်းလှမြို့နယ် စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက တောင်သူများ မျိုး၊ မြေ၊ ရေ၊ နည်းတို့ကို လိုက်နာကျင့်သုံးကြပြီး သီးထပ်၊ သီးညှပ် စိုက်ပျိုးကြစေလိုကြောင်း အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူးဒေါ်မြင့်မြင့်ရီက သင်တန်းဖွင့်လှစ်ရခြင်း အကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ဘက်စုံကာကွယ်ရေးစနစ်နှင့် နှိမ်နင်းခြင်း နည်းလမ်းများ၊ ဖောင်မြောင်တောင်ပိုး၏ ဘဝစက်ဝန်းနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ ယင်ဖြူပိုးနှင့် ရာသီဥတုကြောင့် ဖြစ်ပေါ်တတ်သည့် အပင်ရောဂါ ကြိုတင်ကာကွယ်ရေး နည်းလမ်းများအား ပို့ချခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ သင်တန်းသို့ ဒေသခံ တောင်သူ ၆၀ဦး တက်ရောက်ခဲ့ပြီး အီးအမ်-၅နှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မျိုးဝင်းညို-ကျွန်းလှ)**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ၁၉ ဒသမ ၂၂ ကာရက်အလေးချိန်ရှိသော စိန်တုံးကြီးကို အိန္ဒိယနိုင်ငံမှ ရာဂျူးဂိုအွန်းဆိုသူ တူးဖော်ရရှိခဲ့



**ဒေလီ ဇူလိုင် ၂၆**

၁၉ ဒသမ ၂၂ ကာရက် အလေးချိန်ရှိသော စိန်တုံးကြီးကို အိန္ဒိယနိုင်ငံအလယ်ပိုင်း မဓယာပရာဒက်ရှ်ပြည်နယ်မှ ရာဂျူးဂိုအွန်းဆိုသူ မကြာသေးမီက တူးဖော်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လာမည့် အစိုးရလေလံပွဲတွင် ထိုစိန်အရိုင်းတုံးကြီးကို ရောင်းချလျှင် အမေရိကန်ဒေါ်လာ ၉၅၅၇၀ နှင့် ညီမျှသည့် ရူပီး ၈ သန်းခန့်ရရှိလိမ့်မည်ဟု ၎င်း တွက်ချက်မျှော်မှန်းထားသည်။

နှစ်ပေါင်း ၂၀ ကြာအောင် စိန်တူးဖော်ရေးလုပ်ငန်းကို ဖောက်ချလုပ်ကိုင်ခဲ့ရာ အစိုးရထံမှ ငှားရမ်းလုပ်ကိုင်သော ကိုယ်ပိုင်စိန်တွင်းမှ ယင်းစိန်တုံးကြီးကို တူးဖော်ရရှိခဲ့ခြင်းဖြစ်ကြောင်း ရာဂျူးက ရှင်းပြသည်။

စိန်တုံးကြီးကို ထုခွဲရောင်းချပြီးလျှင် တင်ရှိနေသော အကြွေး ရူပီး ၅၀၀၀၀၀ ကို ပထမဦးစွာ ပြန်ဆပ်မည်။ ထို့နောက် အိမ်ပြင်ဆောက်ရမည်။ သားသမီးများ၏ ကားစရိတ်အတွက်လည်း သုံးရမည်ဟု ရာဂျူးက ထုတ်ဖော်ပြောကြားသည်။ **Mon**

## အပူပြင်းထန်မှုကပ်ဘေးမှ ကင်းလွတ်ချမ်းသာရေး ကုလအတွင်းရေးမှူးချုပ် ဂူတာရက်စ် နှိုးဆော်

**ဝါရှင်တန် ဇူလိုင် ၂၆**

ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းလုံးတွင် တွေ့ကြုံခံစားခဲ့ရသည့် အပူပြင်းထန်မှုကပ်ဘေးမှ ကင်းလွတ်ချမ်းသာရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ် ဇူလိုင် ၂၅ ရက်က ကမ္ဘာ့နိုင်ငံများကို တိုက်တွန်းနှိုးဆော်ခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ရာသီဥတုအပြောင်းအလဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ယင်းကဲ့သို့ တိုက်တွန်းနှိုးဆော်ခဲ့ခြင်းဖြစ်သည်။

အပူလွန်ကဲမှုသည် စီးပွားရေးကိုလည်း ထိခိုက်စေသည်။ သာတူညီမျှမှု မရှိခြင်းများကိုလည်း ကျယ်ပြန့်လာစေသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များကိုလည်း လိုက်စားသွားသည်။ လူတို့ကိုလည်း သေစေသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားသည်။

ရုပ်ကြွင်းလောင်စာကြောင့် ကမ္ဘာကြီးပူနွေးလာရာမှ အသားကျသလိုဖြစ်လာသော အပူလွန်ကဲမှုသည် နောက်ပိုင်းတွင် အခြေအနေပိုမိုဆိုးရွားလာမည်သာဖြစ်ကြောင်း ၎င်းက သုံးသပ်ပြောဆိုသည်။



ရုပ်ကြွင်းလောင်စာများကို လျှော့ချပြီးအသုံးပြုကြရန် ၎င်းက အဓိကတိုက်တွန်းနှိုးဆော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော် အိုလံပစ်ကျေးရွာ၌ အားကစားသမားများအတွက် ကြက်ဥရှားပါးနေ



**ပဲရစ် ဇူလိုင် ၂၆**

အိုလံပစ်အားကစားပွဲတော်သို့ လာရောက်ယှဉ်ပြိုင်သော အားကစားမောင်မယ်များ စုဝေးနေထိုင်ရန်အတွက် ပြင်သစ်အိုလံပစ်ကော်မတီက စီစဉ်ပေးထားသည့် အိုလံပစ်ကျေးရွာ၌ ကြက်ဥရှားပါးနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အားကစားသမားတိုင်းအတွက် အဓိကအာဟာရဖြစ်စေသည့် ကြက်ဥကို လိုသလောက်မှာယူစားသုံးခြင်းမပြုနိုင်သဖြင့် ပဲရစ်ရောက် နိုင်ငံစုံအားကစားမောင်မယ်များ ဘဝင်မကျဖြစ်နေကြသည်။

ပြင်သစ်နိုင်ငံအနေဖြင့် ရက် ၃၀ ကြာမြင့်မည့် အိုလံပစ်အားကစားပွဲတော်ကာလအတွင်း အပြည်ပြည်ဆိုင်ရာအားကစားမောင်မယ် ၁၅၀၀၀ အတွက် အကျွေးအမွေးလောက်ငအောင် စီစဉ်ပေးရမည်ဖြစ်ကြောင်း သိရသည်။

**Mon**




ပဲရစ်အိုလံပစ်အားကစားပွဲတော်အထိမ်းအမှတ် အရုပ်ကြီးကို ဇူလိုင် ၂၅ ရက်က ဘောလုံးပွဲတစ်ပွဲ၌ တွေ့ရစဉ်။ **Mon**

## ဂျပန်နိုင်ငံ ကျူးရှူးကျွန်းပေါ်ရှိ တိုယိုတာစက်ရုံမှ လျှပ်စစ်ကားဘက်ထရီများထုတ်လုပ်ရန် စီစဉ်ထား




**တိုကျို ဇူလိုင် ၂၆**

ဂျပန်နိုင်ငံ ကျူးရှူးကျွန်းပေါ်ရှိ တိုယိုတာစက်ရုံမှ လာမည့်နှစ်တွင် လျှပ်စစ်ကားဘက်ထရီများထုတ်လုပ်ရန် စီစဉ်ထားသည်ဟု ကုမ္ပဏီပြောခွင့်ရသူက ထုတ်ဖော်ပြောကြားကြောင်း နိကေးစီးပွားရေးနေ့စဉ်သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာကျော်လက်ဇတ်ဇိမ်ခံမော်တော်ကားများထုတ်လုပ်နေသော မိယတစက်ရုံတွင်လည်း လျှပ်စစ်ကားဘက်ထရီများထုတ်လုပ်ရန် ပြင်ဆင်နေသည်။

တိုယိုတာကုမ္ပဏီအနေဖြင့် ထိုလျှပ်စစ်ကားဘက်ထရီ အမြောက်အမြားထုတ်လုပ်ကာ လာမည့် ၂၀၂၆ ခုနှစ်တွင် တစ်ကမ္ဘာလုံးသို့ ဖြန့်ဖြူးရောင်းချရန် မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

## အိန္ဒိယလင်းတများ အကောင်ရေလျော့နည်းသွားရာမှ လူသေဆုံးမှုပမာဏ ၅၀၀၀၀၀ အထိ မြင့်တက်လာ

**ဒေလီ ဇူလိုင် ၂၆**

ယခုနောက်ပိုင်းတွင် လင်းတငှက်များ အကောင်ရေ လျော့နည်းသွားရာမှ အိန္ဒိယနိုင်ငံ၌ ၅ နှစ်အတွင်း လူသေဆုံးမှုပမာဏ ၅၀၀၀၀၀ အထိ မြင့်တက်လာရခြင်းဖြစ်သည်ဟု အမေရိကန်ပြည်ထောင်စု ချီကာဂိုတက္ကသိုလ် ဟဲရစ်ပြည်သူ့ရေးရာမူဝါဒဌာန လက်ထောက်ပါမောက္ခ အီယားလ် ဖရန့်က ဝေဖန်ထောက်ပြခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၁၉၉၀ ပြည့်လွန်နှစ်များက အိန္ဒိယနိုင်ငံ၌ လင်းတအကောင်ရေ သန်း ၅၀ အထိ ရှိခဲ့ဖူးသည်။

ကျွဲ၊ နွားများအတွက် အကိုက်အခဲပျောက်ဆေးတစ်မျိုးဖြစ်သော ဒီကလိုဖီနက်ကို အိန္ဒိယနိုင်ငံ၌ တွင်ကျယ်စွာအသုံးပြုခဲ့ရာမှ လင်းတများအတုံးအရုံး သေဆုံးကာ မျိုးတုံးလုနီးပါး အဆင့်အထိရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းရေးသားတင်ပြထားသည်။

ဒီကလိုဖီနက်သည် လင်းတများအတွက် အဆိပ်အတောက်ဖြစ်ရာ ကျွဲ၊ နွားအသေကောင်များ၏အူတွင်း၌ ကပ်ငြိကျန်နေသော ထိုဆေးကို လင်းတများ စားမိရာမှ သေဆုံးကြရခြင်းဖြစ်သည်။



စင်စစ်တွင် လင်းတများသည် လူနှင့်တိရစ္ဆာန်အသေကောင်များကို စားသောက်ရင်း ရောဂါပိုးမွှားများနှင့် အညစ်အကြေးများကို ရှင်းပစ်ပေးလေ့ရှိကြသည်။

၎င်းတို့၏အကောင်ရေ လျော့နည်းသွားရာမှ ထိုသို့ရှင်းပစ်ပေးနိုင်တော့ခြင်းမရှိသဖြင့် လူသေဆုံးမှုပမာဏ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

## အရှိန်ပြင်းစွာ တောက်လောင်နေသော တောမီး ကနေဒါနိုင်ငံရှိ ဂျက်စပါမြို့ထက်ဝက်ခန့်ကို ဝါးမြို



**အော့တဝါ ဇူလိုင် ၂၆**

အရှိန်ပြင်းစွာတောက်လောင်နေသော တောမီးသည် ကနေဒါနိုင်ငံ အယ်လ်ဘာတာပြည်နယ်ရှိ ဂျက်စပါမြို့ထက်ဝက်ခန့်ကို ဇူလိုင် ၂၄ ရက်က ဝါးမြိုပစ်လိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရာသီဥတုပူနွေးနေစဉ် တောမီးတောက်လောင်မှု အရှိန်ပြင်းထန်ရာမှ ကနေဒါနိုင်ငံ၏ သမိုင်းဝင် ဂျက်စပါမြို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရခြင်း ဖြစ်သည်။

တစ်မြို့လုံးပြာကျနိုင်သည့် အနေအထားကြုံတွေ့ခဲ့သော်လည်း ဇူလိုင် ၂၅ ရက်တွင် အပူချိန်ပြန်ကျလာရာမှ တောမီးအရှိန် တန့်သွားခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ဘာတာပြည်နယ်ဝန်ကြီးချုပ် ဒန်နီယဲလ်စမစ်က ရှင်းလင်းပြောပြသည်။

ဂျက်စပါမြို့ဘက်သို့ ရောက်လာခဲ့သောတောမီးမှ မီးတောက်မီးလျှံအချို့သည် ၃၂၈ ပေအထိ မြင့်ခဲ့ကြောင်း သိရသည်။

**Mon**

# စာဖတ်ခြင်းရဲ့ အရသာ

"စာဖတ်ချိန်မရှိလောက်အောင် အောင်မြင်ဖို့ကြိုးစားနေပါတယ်" ဆိုတဲ့သူတွေဟာ ဘယ်တော့မှအောင်မြင်တဲ့သူတွေဖြစ်လာမှာ မဟုတ်ဘူး။ (ကွန်ဖြူးရှပ်)

စာဖတ်ကျင့်ရှိသောသူများသည် ဗဟုသုတကြွယ်ဝပြီး အာရုံစူးစိုက်မှုကောင်းမွန်ကာ အရာရာတိုင်းမှာခေါင်းအေးအေးနဲ့ ဖြေရှင်းနိုင်စွမ်းရည်ပို၍ကောင်းပါသည်။ စာဖတ်မှသာမိမိဘဝတိုးတက်အောင်မြင်နိုင်ပါသည်။ စာမျိုးစုံစွာဖတ်သည့်အခါ အတွေးအခေါ် အယူအဆ ကောင်းမွန်မှန်ကန်ပြီး နားလည်မှုစွမ်းရည်မြင့်တက်လာပါသည်။ လူမှုဘဝပေါင်းသင်းဆက်ဆံရေးမှာလည်း ဘယ်လိုလူမျိုးကို ဘယ်လိုပေါင်းသင်းဆက်ဆံရမည်ဆိုတာ သွန်သင်ပေးနိုင်ပါသည်။ အောင်မြင်သူတွေရဲ့ အသိဉာဏ်စွမ်းအား စိတ်ဓာတ်တွေ ကျရှုံးသူတွေရဲ့ လုပ်ရပ်နဲ့ စိတ်ဓာတ်တွေကို သိထားသည့်အတွက် စာဖတ်ခြင်းဖြင့် ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်နိုင်ပြီး ဆင်ခြင်စရာရှိတာတွေကို ဆင်ခြင်နိုင်ကြမည်။

လောကအကျိုး မိဘဆွေမျိုးသားချင်းအကျိုး နိုင်ငံနှင့်လူမျိုးအကျိုးကိုသယ်ပိုးနိုင်ဖို့ရာ ဦးစွာပထမမိမိကိုယ်ကိုအရည်အချင်းဖြည့်တင်မြှင့်တင်ရမည်။

သီတဂူဆရာတော်အရှင်ဉာဏိဿရ နှစ်စဉ်နှစ်တိုင်း ခုနှစ်အလိုက် စုဆောင်းရေးသားပြုစုထုတ်ဝေနေသော မြန်မာ့စွယ်စုံကျမ်း အနှစ်ချုပ်တွေကိုဖတ်ကြည့်လျှင် ဗဟုသုတဟင်းလေးအိုးတွေရဲ့ အရသာကိုတွေ့ရပါသည်။ စကြဝဠာကြီးအကြောင်း၊ ကမ္ဘာကြီးအကြောင်း၊ နိုင်ငံနှင့်လူမျိုးတွေအကြောင်း၊ လူတွေရဲ့အကျင့်စရိုက်မျိုးစုံအကြောင်းတွေကို ပိုမိုသိလာနိုင်ပါသည်။

ခန္ဓာကိုယ်ရုပ်ဝတ္ထုကအစားအစာ အစာအာဟာရ လိုအပ်ပါသည်။ ထိုနည်းတူနာမ်သဘော သိမှုသဘောရှိသောလူ၏စိတ်ကိုလည်း အစာအာဟာရကျွေးမှ ကျန်းမာဖွံ့ဖြိုးသန်မာကြံ့ခိုင်ပါမည်။ စိတ်ခွန်အားရှိစေမည့်အစားအစာ အစာအာဟာရများသည် ကမ္ဘာ့စာပေမြန်မာ့စာပေစာကောင်းပေမွန် စာကောင်းပေကောင်း စာအုပ်ကောင်းများ ဖြစ်ကြပါသည်။

"မင်းကိုယ်မင်းချစ်ရင် စာဖတ်ပါ ပညာသင်ပါ မိဘကိုချစ်ရင် စာဖတ်ပါ ပညာသင်ပါ တိုင်းပြည်နဲ့လူမျိုးကိုချစ်ရင် စာဖတ်ပါ ပညာသင်ပါ" ဟူ၍ဆရာအောင်သင်းက အတွေးစကားတွေရေးသားခဲ့ဖူးပါသည်။

ဦးနှောက်ကို ပိုမိုလှုံ့ဆော်ပေးနိုင်တာ စာဖတ်လို့ပါ။
ဗဟုသုတများစွာ ကြွယ်ဝစေတာ စာဖတ်လို့ပါ။
အတွေးအခေါ်မြင့်တက်လာနိုင်စေတာ စာဖတ်လို့ပါ။
စိတ်ဖိစီးမှုတွေ လျော့ကျစေနိုင်တာ စာဖတ်လို့ပါ။
နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်စေနိုင်တာ စာဖတ်လို့ပါ။
လူတွေကို ပိုမိုပြီးနားလည်ပေးနိုင်တာ စာဖတ်လို့ပါ။
အတွေးအကြံ၊ အတွေ့အကြုံကို လက်ဆင့်ကမ်းပေးနိုင်တာ စာဖတ်လို့ပါဟူ၍လည်း စာပေဟောပြောပွဲတွေမှာ ပြောဆိုခဲ့ဖူးပါသည်။

စာဖတ်ခြင်း၏ အကျိုး(ဆယ်မျိုး)လည်းရှိပါသည်။

၁။ ဦးနှောက်ယိုယွင်းမှုကို ကာကွယ်ပေးနိုင်ခြင်း၊
၂။ စိတ်ဖိစီးမှုကို နည်းပါးစေနိုင်ခြင်း၊
၃။ မှတ်ဉာဏ်ကို တိုးမြှင့်ပေးနိုင်ခြင်း၊
၄။ ဘဝနေထိုင်နည်းကို ပိုင်းခြားသိတတ်လာခြင်း၊
၅။ အာရုံစူးစိုက်ကာ တွေးတောဆန်းထွက်စေခြင်း၊
၆။ စိတ်ဓာတ်ကျကာ အားငယ်မှုကို ကုစားပေးခြင်း၊
၇။ ကိုယ်ချင်းစာတရားတွေ ပြည့်ဝလာခြင်း၊
၈။ ကာယကံ၊ဝစီကံ၊မနောကံကို ဆင်ခြင်နိုင်ခြင်း၊
၉။ လောဘ၊ဒေါသ၊မောဟတွေကို ထိန်းချုပ်နိုင်ခြင်း၊
၁၀။ ကုသိုလ်နှင့်အကုသိုလ်ကို ခွဲခြားသိမြင်နိုင်ခြင်း

တို့ ဖြစ်ပါသည်။

စာဖတ်ကြသည့်အခါသိမှတ်စရာပါ၊ စာအုပ်ကိုကြည့်ပြီးလည်းစာဖတ်ပါ၊ ပတ်ဝန်းကျင်ကိုကြည့်ပြီးလည်း စာဖတ်ပါ၊ လောကကြီးကိုကြည့်ပြီးလည်း စာဖတ်ပါ၊ မျက်စိနဲ့လည်းစာဖတ်ပါ နားနဲ့လည်း စာဖတ်ပါ၊ စိတ်ဓာတ်နဲ့လည်း စာဖတ်ပါ၊ စာဖတ်မှ စာတတ်မှာ

(ဓမ္မဒူတဆရာတော်အရှင်ဆေကိန္ဒ)

ယနေ့ခေတ်မှာ မိမိဘဝကောင်းမွန်တိုးတက်ရန်အတွက် ရင်းနှီးမြုပ်နှံမှု များပြားလှပါသည်။ လေ့လာသင်ယူစရာများလည်း များပြားလှပါသည်။ လေ့လာသင်ယူမှုများမှာ ကုန်ကျစရိတ် အနည်းဆုံးနဲ့ ထိရောက်မှုအရှိဆုံးမှာ စာဖတ်ခြင်းပင်ဖြစ်ပါသည်။

စာရေးသူငယ်စဉ်က မူလတန်းကျောင်းသားဘဝမှာ စာဖတ်ဝါသနာပါအောင် မိဘဆရာသမားများက ပြုစုပျိုးထောင်ပေးခဲ့သည့် မြန်မာ့စာပေလောကမှ ထူးစာစောင်၊မောင်ကမ္ဘာရုပ်ပြကာတွန်း၊မော်ဒန်ကာတွန်း၊ ကလေးပုံပြင်များ ဖတ်ရှုခဲ့ရပါသည်။ ရွှေသွေး၊ မိုးသောက်ပန်း၊တေဇရုပ်စုံနှင့်ကလေး ကဗျာများကိုလည်း ရင်းနှီးစွာနှစ်သက်စွဲမက်အောင် သင်ကြားလေ့ကျင့်ပေးခဲ့ပါသည်။

ပညာသင်ချိန်ကာလများမှ ကျောင်းစာတွေကိုကျက်မှတ်ရင်း အချိန်ရလျှင် ရသလို ပြင်ပစာကဗျာများကို ဖတ်ရှုခဲ့ပါသည်။

ကာတွန်းမြင့်သိန်းရေးဆွဲသည့် စံရွှေမြင့်ရုပ်ပြကာတွန်း လုံးချင်းတစ်အုပ် တစ်ကျပ်တန်ကို ဖတ်ရှုခဲ့ပါသည်။ ကဗျာကိုစွဲမက်နှစ်သက်၍ ကဗျာများကို ဦးစားပေးဖတ်ရှုခဲ့ပါသည်။ ဆရာမင်းသုဝဏ်ကဗျာပေါင်းချုပ်၊ ဆရာဇော်ဂျီကဗျာပေါင်းချုပ်၊ မိုးဝေကဗျာပေါင်းချုပ်၊ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)၏ သောကခြေရာရတနာများ ကဗျာပေါင်းချုပ်များကို ဝယ်ယူ၍ စွဲစွဲမက်မက် နှစ်နှစ်ခြိုက်ခြိုက် ဖတ်ခဲ့သည်။ ကဗျာတွေကိုဖတ်ရှုရင်း ဝတ္ထုတိုများ ဆောင်းပါးများကိုလည်း တစ်ဆင့်တက်ကာ ဖတ်ရှုခဲ့ပါသည်။ ကမ္ဘာ့စာပေ၊ သုတရသစာပေ၊ မြန်မာ့စာပေ၊ သုတရသစာပေများ ဖတ်ရှုခဲ့ပါသည်။ ထိုသို့စာမျိုးစုံစွာ ဖတ်ရှုရင်း ကိုယ်တိုင်ရေးသားသည့်ကဗျာများ၊ ဝတ္ထုတိုများ၊ ဆောင်းပါးများကို စာဆောင်ဂျာနယ်မဂ္ဂဇင်း သတင်းစာများတွင် ဖော်ပြခံခဲ့ရပါသည်။ စာပေလောကမှာကိုယ်တိုင်ရေး မှတ်တိုင်လေးများကို စိုက်ထူနိုင်ခဲ့ပါသည်။ စာဖတ်ခြင်း၏ အကျိုးသက်ရောက်မှုသည် ထိရောက်ကာ ကျေးဇူးကြီးမားလှပါသည်။

ယနေ့ခေတ်မှာ တယ်လီဖုန်း(လက်ကိုင်ဖုန်း)များသည် လူငယ်၊ လူကြီးတွေရဲ့ ဘဝတစ်စိတ်တစ်ပိုင်း ဖြစ်နေပါသည်။ နံနက်မိုးလင်းသည်မှ ညမိုးချုပ်သန်းခေါင်ယံအထိ မိတ်ဆွေဖွဲ့နေကြပါသည်။ အနေအနီးဆုံးနေ့စဉ်သုံးပစ္စည်းတစ်ခု ဖြစ်နေပါသည်။ ထိုတယ်လီဖုန်းကို ၁၈၇၅ခုနှစ်က အမေရိကန်နိုင်ငံမှပညာရှင် အလက်ဇန္ဒား ဂရေဟာမ်ဘဲလ်ဆိုသူက စတင်တီထွင်ခဲ့သည်ဟု လေ့လာမှတ်သားသိရှိရပါသည်။ တယ်လီဖုန်းသည် ကမ္ဘာပေါ်ရှိတစ်နေရာမှ တစ်နေရာသို့ စကားပြောရန် ဆက်သွယ်ရေး ကိရိယာနည်းပညာအရ ပြုလုပ်ထားသော ပစ္စည်းဖြစ်ပါသည်။ ထိုလက်ကိုင်ဖုန်းများမှ Face- book တို့ You Tube တို့မှ ကိုယ်ကြည့်ချင်တာတွေ၊ ကိုယ်ဖတ်ချင်တာတွေကို ရှာဖွေဖတ်ရှု၊ ကြည့်ရှုနိုင်ပါသည်။ နိုင်ငံတကာမှ ရုပ်ရှင်ဂီတ၊ စာပေအနုပညာရပ်ဝန်းမှ သတင်းများ စီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးသတင်းများ လူမှုကွန်ရက်မှ စာမျက်နှာများ စာပေအနုပညာရှင်ကြီးများ၏ အဆိုအမိန့်များ မြတ်ဗုဒ္ဓ၏တရားဓမ္မအဆုံးအမများ ဆရာတော်ကြီးများ၏ မှတ်သားဖွယ်ရာ ဩဝါဒများကို ဖတ်ရှုနိုင်ပါသည်။

ထိုသို့ဖုန်းထဲမှစာပေများကို ဖတ်ရှုခြင်းဖြင့် ဗဟုသုတများစွာရရှိကာ အသိဉာဏ်ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာလောကကြီးကို ကောင်းကျိုးများစွာ ပြုနိုင်ပါသည်။ ထိုသို့ဖုန်းကိုသုံးစွဲခြင်းဖြင့် ကောင်းကျိုးများစွာရရှိသကဲ့သို့ ဆိုးကျိုးများစွာလည်းရှိပါသည်။ ဖုန်းကိုသုံးစွဲခြင်းကြောင့် ဖုန်းထဲမှပုံရိပ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ ညှိုးနွမ်းမှေးမှိန်လာပါသည်။ ကိုယ်ကျင့်တရားများ နိမ့်ကျလာပါသည်။ အကျင့်စရိုက်များ ရိုင်းပျလာပါသည်။ မေတ္တာတရားများ ခေါင်းပါးလာပါသည်။ ကိုယ်ချင်းစာတရားများ နည်းပါးလာပါသည်။ ရက်စက်ယုတ်မာမှုများ မင်းမူလာပါသည်။ လိမ်ညာလှည့်ပတ်မှုများ ထူပြောလာပါသည်။ ကလေးသူငယ်၊ လူငယ်လူကြီးများ (Game) ဂိမ်းကစားခြင်းကို စည်းမဲ့ကမ်းမဲ့ကစားနေကြပါသည်။ ထိုသို့ ဂိမ်းကစားခြင်း၏ ဆိုးကျိုးမှာ အအိပ်ပျက်အစားပျက်နဲ့ ကျန်းမာရေးထိခိုက်စေပြီး စီးပွားရေးလူမှုရေးများ ပျက်ပြားကာ မိသားစုများ စိတ်သောကနဲ့ ကြုံတွေ့နေကြရပါသည်။

ထိုမျှမက အသက်ကိုပင် ဆုံးရှုံးရသည်အထိ ဆိုးကျိုးများစွာ ခံစားနေရကြောင်း မြင်နေကြရပါသည်။ ကြားနေကြရပါသည်။ ထို့ကြောင့် Facebook သုံးစွဲခြင်း၏ အကျိုးသက်ရောက်မှုမှာ "သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေး" ဖြစ်စေပါသည်။

ဖုန်းများကို လက်မှာကိုင်ကာပွတ်သပ်ပြီး ကြည့်ရှု၊ ဖတ်ရှုနေခြင်းထက်စာအုပ်များကို လက်မှာကိုင်ကာ ဖတ်ရှုနေသည့်အခါ စာအုပ်မှ ရရှိလာသည့် အရသာသည် ချိုမြိန်လှပါသည်။ စာရွက်တစ်ရွက်ချင်းစီကိုလှန်ပြီး ဖတ်ရတာ စိတ်ကြည်နူးမှုရှိပါသည်။ ကိုယ်ကြိုက်နှစ်သက်သည့် စာကြောင်းလေးများကို မျဉ်းတားပြီး မှတ်သားဖတ်ရှုရတာ ပီတိဖြစ်ကာအရသာရှိလှပါသည်။ ကိုယ်နှစ်သက်ရာစာအုပ်များကို ကိုယ့်အိပ်ရာဘေးမှာထားပြီး ဖတ်ရှုရသည့် ပီတိကလည်း စာချစ်သူအတွက် စိတ်ခွန်အားပြည့်ဝစေပါသည်။ စာဖတ်ခြင်းရဲ့အရသာကို စာကောင်းပေကောင်းစာအုပ်ကောင်းများက ပေးစွမ်းနိုင်ပါသည်။

မိမိဘဝတိုးတက်ခြင်း၊ မတိုးတက်ခြင်း အောင်မြင်ခြင်း၊ မအောင်မြင်ခြင်း မိမိတို့မြို့ရွာဒေသနိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်း မဖွံ့ဖြိုးမတိုးတက်ခြင်းတို့သည် လူအများမည်မျှအထိ စာဖတ်ခြင်း၊ စာမဖတ်ခြင်းအပေါ်၌ များစွာမူတည်ပါသည်။

ထို့ကြောင့်ယနေ့လူငယ်မျိုးဆက်သစ်များကို အနာဂတ်ဘဝဖူးပွင့်လှပစေရန် စာဖတ်ခြင်းမျိုးစေ့ကို ဖြန့်ကြဲစိုက်ပျိုးပေးကြရပါသည်။ ထိုသို့စိုက်ပျိုးခဲ့သည့်ရလဒ် အသီးအပွင့်များဖြစ်သည့် စာဖတ်ခြင်းအရသာကို မြိန်ရည်၊ ယှက်ရည် စားသုံးနိုင်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မိုးထက်ကို(အမရပူရ)**

## စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာရပ်သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**တပ်ကုန်း ဇူလိုင် ၂၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများမှ စာကြည့်တိုက်မှူးများအား စာကြည့်တိုက်ပညာရပ်သင်တန်း ဖွင့်လှစ်သင်ကြားခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဒေါက်တာခင်မောင်ထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီးနောက် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စာကြည့်တိုက်ပညာရပ်သင်တန်းဖွင့်လှစ်သင်ကြားရာ သင်တန်းနည်းပြများအဖြစ် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဒုတိယဦးစီးမှူးတို့က စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာစောင်ပါ စာကြည့်တိုက်ပညာ၊ စာကြည့်တိုက်အမျိုးအစားများ၊ ထူးခြားသည့် ဝိသေသများ၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ စာရေးသူအခြေခံကတ်ပြားပုံစံ(နမူနာ)၊ စာရေးသူကတ်ပြားများ၊ စာငှားစနစ်၊ စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်း၊ မျိုးတူစုပညာရပ်များကို ဇူလိုင် ၂၆ ရက်မှ ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး၊ အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် အခြေခံပညာကျောင်းများတွင် တာဝန်ယူဆောင်ရွက်ပေးသည့် စာကြည့်တိုက်မှူးများ စုစုပေါင်း ၄၈ ဦး တက်ရောက်သင်ယူကြကြောင်း သိရသည်။



(အပေါ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## Lui Yi Fei တစ်ပတ်အတွင်း အကျော်ကြားဆုံး အနုပညာရှင် မင်းသမီး ဖြစ်လာ

တရုတ်အနုပညာလောကမှ တစ်ပတ်အတွင်း အကျော်ကြားဆုံး အနုပညာရှင်မင်းသမီးစာရင်း ထွက်ပေါ်လာရာ ထိပ်ဆုံးစာရင်းတွင် Lui Yi Fei ကို မြင်တွေ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဖွန်လနောက်ဆုံးပတ်စာရင်းတွင် ထိပ်ဆုံးဆယ်ဦး အနုပညာရှင် မင်းသမီးများအနက် ထိပ်ဆုံးနေရာတွင် Liu Yi Fei ၊ ဝူဂျင်ယန်၊ ကျန်းရီ၊ ကျန်းလူဆီတို့ ငါးဦး စာရင်းဝင်ခဲ့ကြသည်။

နံပါတ်ခြောက်မှ တစ်ဆယ်စာရင်းတွင် ဘိန်လျူ၊ လျူရှီနိုင်၊ လျူဟောင်ချူ၊ ကိန့်ဝမ်ဂျင်နှင့် အေမီတို့က အသီးသီးရရှိထားကြသည်။

Liu Yi Fei သည် အနုပညာလောကသို့ တစ်ကျော့ပြန်လည် ရောက်ရှိလာခဲ့ပြီး ရုပ်ရှင်၊ ဇာတ်လမ်းတွဲများတွင်သာမက ကုန်ပစ္စည်းအမှတ်တံဆိပ်ကြော်ငြာများစွာ၏ မော်ဒယ်လ်ဖြစ်သည့်အပြင် နိုင်ငံတကာပွဲများတွင်လည်း တက်ရောက်၍ တရုတ်အနုပညာကို ပြသနိုင်ခဲ့သည်။ (SKY)






## War of Faith ဇာတ်လမ်းတွဲ ၂၀၂၄ခုနှစ် နှစ်ဝက်အတွင်း ထိပ်ဆုံးဒရမ်မာ စာရင်းဝင်

၂၀၂၄ခုနှစ် နှစ်ဝက်အတွင်း အကျော်ကြားဆုံး ဇာတ်လမ်းတွဲများ စာရင်းကို ENData မှ ထုတ်ပြန်ထားရာ War of Faith က ထိပ်ဆုံးဒရမ်မာစာရင်းဝင်ဖြစ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်လမ်းတွဲသည် ၂၀၂၄ ပထမနှစ်ဝက်အတွင်း အကျော်ကြားဆုံး ရာဇဝင်ဒရမ်မာဇာတ်ကားများထဲတွင် နံပါတ်နှစ်၊ အကျော်ကြားဆုံးဒရမ်မာကားဆယ်ကားတွင် နံပါတ်ခြောက်၊ ကြည့်ရှုနှုန်းအရ အကျော်ကြားဆုံး ဒရမ်မာကားထဲတွင် နံပါတ်ခြောက်နှင့် မီဒီယာကျော်ကြားမှု ဒရမ်မာကားတွင် နံပါတ်တစ်ဆယ်နေရာ ရရှိထားသည်။

၂၀၂၄ခုနှစ် နှစ်ဝက်အတွင်း ပြန်လည်ပြသမှုအများဆုံး ဒရမ်မာဇာတ်ကားဖြစ်ပြီး စတင်ပြသချိန်မှ သုံးလအတွင်း TV Channel အမျိုးမျိုးတွင် ပြန်လည်ပြသမှု အကြိမ်၂၀ ရှိခဲ့သည်ဟု ယင်းသတင်းက ထုတ်ပြန်ထားသည်။

(SKY)

## ZEROBASEONE မှ Matthew က Jung Kook ၏ ပြန်ဆိုတေးများ ပြန်ဆိုထား

K Pop မျိုးဆက်သစ်အဖွဲ့ ZEROBASEONE အဖွဲ့ဝင် Matthew အပါအဝင် K Pop အနုပညာရှင်များစွာက Jung Kook ၏ သီချင်းများကို ပြန်လည်သီဆိုရုံသာမက Jung Kook သီဆိုထားသည့် ပြန်ဆိုတေးများကိုပင် လိုက်ဆိုထားကြသည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Matthew က Jung Kook ပြန်လည်သီဆိုထားသည့် Tori Kelly ၏ Paper Heart ကို နားထောင်၍ လိုက်ဆိုသော်လည်း Jung Kook ပေးသည့် ခံစားချက်မျိုး မယူဆောင်နိုင်ဟု ပြောကြားထားသည်။

Matthew က Jung Kook ၏ Seven နှင့် Standing Next To You ကို အကြိမ်များစွာ သီဆိုကပြခဲ့ကာ၊ ပစ်ကပ်အဖွဲ့ဝင် နမ်ဆန်ကလည်း Jung Kook ပြန်ဆိုထားသည့် Justin Bieber ၏ 2U ကို ပြန်လည်သီဆိုကာ အဆိုတော်နှစ်ဦးကို သူ၏စံပြအဖြစ် သတ်မှတ်ခဲ့သည်။

TWS အဖွဲ့ကလည်း Los Angeles တွင် ပြုလုပ်မည့် K CON 2024 ပွဲတွင် Jung Kook ၏ 3D ကို ပြန်ဆို၍ အကနှင့် တင်ဆက်မည်ဟု ဆိုသည်။

(SKY)

## Benedict Cumberbatch နှင့် Martin Freeman တို့ကြောင့် Sherlock Season သစ် မထွက်နိုင်ခဲ့

ဘီဘီစီဝမ်းရုပ်သံလိုင်း၏ Sherlock Holmes ဇာတ်လမ်းတွဲ Sherlock သည် အပိုင်းလေးပိုင်းအထိ ထွက်ရှိထားပြီး Season သစ် မထွက်နိုင်ခဲ့ခြင်းမှာ မင်းသားနှစ်ဦးဖြစ်သည့် Benedict Cumberbatch နှင့် Martin Freeman တို့ကြောင့်ဟု ဒါရိုက်တာက ပြောကြားသွားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာ Steven Moffat က Sherlock Seasons 5 ရိုက်ကူးရန်အတွက် သရုပ်ဆောင်မင်းသားနှစ်လက်ကို ပြန်ခေါ်ဖို့ လိုသည်ဟု Metro မဂ္ဂဇင်း အင်တာဗျူးတွင် ပြောကြားသွားသည်။



Sherlock Holmes ဝတ္ထုပေါင်း ၆၀ထက်မနည်း ထွက်ရှိခဲ့ပြီး အသစ်ဖန်တီးရန် အခက်အခဲမရှိကြောင်း အပိုင်း(၁၃)ထိ ထွက်ရှိထားပြီး Season 4 ထိသာ ထွက်ခဲ့ကာ အသစ်မထွက်ရှိနိုင်ခြင်းမှာ Benedict Cumberbatch နှင့် Martin Freeman တို့ ပြန်ခေါ်ရန် လိုအပ်နေ၍ဟု ဒါရိုက်တာက ပြောကြားခဲ့ခြင်း ဖြစ်သည်။

(SKY)

●-●-●-●-●

## စတော်ဘယ်ရီသီး နေ့စဉ်သင့်တင့်ရုံစားသုံးလျှင် နှလုံးရောဂါဖြစ်နိုင်ခြေ လျော့ကျစေနိုင်မည်

စတော်ဘယ်ရီသီး နေ့စဉ်သင့်တင့်ရုံစားသုံးလျှင် နှလုံးရောဂါဖြစ်နိုင်ခြေ လျော့ကျစေနိုင်မည်ဖြစ်သည်ဟု အမေရိကန် အာဟာရဗေဒပညာရှင်များ မကြာသေးမီက ဖော်ထုတ်နိုင်ခဲ့ကြောင်း သိပ္ပံနှင့်နည်းပညာဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အီလီနွိုက်စ်နည်းပညာတက္ကသိုလ်မှ ပါမောက္ခ ဘရစ်ဘာတွန်ဖရီးမင်း ပူးတွဲဦးဆောင်သောသုတေသီများသည် အသက်၂၀နှင့် ၆၂နှစ်အကြား အမျိုးသမီး ၃၆ဦးနှင့် အမျိုးသား ၃၂ဦးတို့ကို တစ်ရက်လျှင် စတော်ဘယ်ရီသီးရှစ်လုံးစီ စားသုံးစေကာ လက်တွေ့ သုတေသနပြုခဲ့ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် တစ်နှစ်ပတ်လုံးရရှိကာ လူကြိုက်များသည့်စာရင်းဝင်သော စတော်ဘယ်ရီသီး၌ ဗီတာမင်စီဓာတ် ကြွယ်ဝစွာပါဝင်ပြီး အခြားအာဟာရဓာတ်များလည်း ပါဝင်ကြောင်း တွေ့ရသည်။

ထိုပညာရှင်များ၏သုတေသနရလဒ်ကို ချီကာဂိုမြို့၌ ကျင်းပသော အမေရိကန်အာဟာရဗေဒအဖွဲ့အစည်းညီလာခံတွင် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ SCI



## The Untamed ငါးနှစ်ပြည့်ကို ရင်ထဲမှ ထာဝရနွေဦးရာသီအဖြစ် သတ်မှတ်ခံရ

တရုတ်အနုပညာလောကတွင်သာမက နိုင်ငံတကာပရိသတ်ရင်ထဲထိရောက်ရှိခဲ့သော The Untamed မော်ဝီဇာနှင့် အလင်းသခင် ငါးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပရိသတ်များက "ရင်ထဲမှ ထာဝရနွေဦးရာသီ"အဖြစ် သတ်မှတ်ခဲ့ကြသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ပရိသတ်များ၏ ရင်ထဲထိရောက်ရှိခဲ့ပြီး ဘဝ၏အချိန်တိုင်းကြိုက်ခဲ့ရသည့်ဇာတ်လမ်းဖြစ်ကာ၊ ဇာတ်ဝင်ခန်းတစ်ခုစီတိုင်း မမေ့နိုင်စရာ နွေဦးတစ်ခုဖြစ်ခဲ့ကြရပြီး Xiao Zhan နှင့် Wang Yibo တို့ သရုပ်ဆောင်နှစ်ဦး၏ သရုပ်ဆောင်စွမ်းရည်အပြင် ခင်မင်ရင်းနှီးမှုကိုပါ ပရိသတ်ကြိုက်နှစ်သက်ခဲ့ကြသည်။

အဆိုပါ ဇာတ်ကားနှင့် Wang Yibo မှာ နိုင်ငံတကာမှပေးအပ်ခဲ့သောဆုကို ရရှိထားသည့် ပထမဆုံး အနုပညာရှင်လည်းဖြစ်ခဲ့သည်။ (SKY)




## Tufang ရုပ်ရှင် IMDb 8.1 နှင့် အောင်ပွဲခံထား

ဘောလိဝုဒ်ရုပ်ရှင် Tufang မှာ မုန်တိုင်းဟု အဓိပ္ပာယ်ရပြီး အိန္ဒိယနိုင်ငံ Punjab ပြည်နယ်မှ ဂိုဏ်းစတားနှင့် လူမိုက်များအကြောင်း ရိုက်ကူးထားပြီး IMDb 8.1 နှင့် အောင်ပွဲခံထားသည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။




အဆိုပါ ရုပ်ရှင်တွင် အိန္ဒိယနိုင်ငံ Punjab ပြည်နယ်မှ ဂိုဏ်းစတားများနှင့် အကျင့်ဆိုးရှိသူများအကြောင်း ရိုက်ကူးထားရာ သေနတ်ဆိုင်ဖွင့်၍ သေနတ်ပစ်စိတ်ဝင်စားသည့် မိန်းကလေးကို ချစ်မိရာမှ မုန်တိုင်းထန်အောင်ဖြစ်ခဲ့ရသည့်ကားဖြစ်သည်။

Punjab ဂိုဏ်းစတားများကြား အကျင့်ဆိုးရှိသူများ ပါဝင်ပတ်သက်မှုနှင့်အတူ စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ပြထား၍ ပရိသတ်အားပေးမှု မြင့်မားစွာရရှိကာ အောင်ပွဲခံနိုင်ခဲ့သည်။ (SKY)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တိုင်းပြည်တစ်ပြည်တိုးတက်ရေးအတွက် အစိုးရက ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထု တစ်ရပ်လုံးက စုပေါင်းအားဖြင့်ဝိုင်းဝန်းဆောင်ရွက်မှသာလျှင် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းနိုင်မည်ဖြစ်...

❖ ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများ၊ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး(၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့တွေ့ဆုံစဉ် အထူးစီးပွားရေးဇုန်၌ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ကိစ္စရပ်များနှင့် မြန်မာနိုင်ငံအတွင်း ဖြစ်ထွန်းတိုးတက်မှုများအပေါ် ရုရှားနိုင်ငံသတင်းမီဒီယာများမှ ပိုမိုဖော်ပြပေးလိုမှု အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များအား အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းနှင့် သံအမတ်ကြီး၏

စာမျက်နှာ ၆ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Is-kander Azizov အား လက်ခံတွေ့ဆုံစဉ်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၂)နှစ်မြောက် အထိမ်းအမှတ်နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည့်ဖြင့် ကဏ္ဍစုံထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်သို့ (၃၁-၈-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## MNL ပြိုင်ပွဲတွင် ဟံသာဝတီနှင့် ဒဂုံစတားယူနိုက်တက် အနိုင်ရ

ရန်ကုန် ဇူလိုင် ၂၆

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေး ပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို ဇူလိုင် ၂၆ ရက်ကကျင်းပရာ ဟံသာဝတီယူနိုက်တက် အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း အနိုင်ရရှိသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက် အသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရာသီအစ သုံးပွဲတွင် ရှုံးပွဲမရှိဘဲ ခုနစ်မှတ်ရရှိပြီး ဇယားထိပ်ပိုင်းတွင် ရပ်တည်နေသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ဟံသာဝတီအသင်းက ပွဲပြီးခါနီးတွင် သွင်းယူသည့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းမှာမူ ပထမဆုံးရှုံးပွဲနှင့်

စာမျက်နှာ ၆ သို့ ❂



ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။